# ဆယ်ဖို့တစ်ဖို့

## နှင့်

# အလှူငွေမကောက်ခံမီ ဖတ်ကြားရန်

**၂၀၁၀ ခုနှစ်**
***ဇန္နဝါရီ - ဒီဇင်ဘာ***

အသင်းတော်အတွင်းကန့်သတ်

***ပဉ္စမ ဥပုသ်***
***ဇန္နဝါရီလ (၂) ရက်၊ ၂၀၁၀ ခုနှစ်။***
***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရုံပုံငွေ***

"သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်း၊ အနန္တတန်ခိုးရှင် ဘုရားသခင် . . . မင်္ဂလာဖြစ်စေသော သုံးပါးပေါင်းတစ်ဆူဘုရား" - ဟူသည့် ဓမ္မတေးသည် ယုံကြည်သူတို့၏ နှလုံးသားအား ခွန်အားဖြစ်စေပါသည်။ ထိုဘုရားရှင်သည် တကယ်ပင် ဘုန်းတော်ကြီးမြတ်လှပါသည်။ ကျွန်ုပ်တို့အားလည်း ကယ်တင်ခြင်းကို ပေးတော်မူပါသည်။ ဤသုံးပါးပေါင်းတစ်ဆူ ဘုရားရှင်သည် တပါးနှင့်တပါး အချင်းချင်းအပြန်အလှန် ဆက်သွယ်မှု မှီခိုမှုနှင့်ပူးပေါင်းမှုရှိတော်မူပါသည်။ ဤလေးနက်သော ပေါင်းစီးမှု၌ ပေးကမ်းတော်မူခြင်း ပေါ်ပေါက်စေခဲ့ပါသည်။

ဤမြင့်မြတ်သော စည်းလုံးမှု၏ ရည်မှန်းချက်နှင့် အချင်းချင်း လေးနက်သော ဆက်ဆံမှုသည် လောကကို ဖန်ဆင်းစဉ်ကပင် ပေါ်လွင်ခဲ့ပါသည်။ ကမ္ဘာဦးကျမ်း ၁း၂၆ တွင် "တဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်တညီတည်း၊ တသဏ္ဍာန်တည်း လူကိုဖန်ဆင်းကြစို့" ဟုဖော်ပြပြီး လူသား ကျဆုံးသော အခါ၌ပင် "ထာဝရ ဘုရားရှင်က၊ လူတို့သည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍ ကောင်းမကောင်းကို သိတတ်၏ " (ကမ္ဘာဦး ၃း၂၂) ဟုပါရှိခဲ့သည်။

ဤသို့ ရည်မှန်းချက် တူညီမှုကို ကယ်တင်ခြင်း စီမံကိန်းပြုလုပ်ရာတွင် ပေါ်လွင်နေပြန်ပါသည်။ ရှင်ယောဟန် ၃း၁၆ တွင် "သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" ဟု ဖော်ပြထားသည်။ ရှင်ယောဟန် ၁၄း၉ တွင် "ငါ့ကို မြင်သောသူသည် ခမည်းတော်ကိုမြင်၏" ဟု ပါရှိပြန်သည်။ အခဏ်းကြီး ၁၄း၂၆ တွင် "ခမည်းတော်သည် ငါ့အတွက်ကြောင့် စေလွှတ်တော်မူသော ဥပျရ္ဆယ် ဆရာဖြစ်သော သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသော အရာတို့ကို ပြသသွန်သင်တော်မူ၏။ ငါပြောခဲ့သမျှသော စကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အားပေးတော်မူမည်။"

တူညီသောရည်မှန်းချက်၊ အပြန်အလှန် မှီခိုခြင်းနှင့်အချင်းချင်းပေါင်းစည်းခြင်းသည် သုံးပါးပေါင်းတဆူ ဘုရား၏လက္ခဏာပင် ဖြစ်သည်။ ဤညီညွတ်စည်းလုံးမှီခိုမှုကြောင့် ပေးကမ်းခြင်းကို ညီညွတ်စွာပြုတော်မူသည်။

***တောင်းဆိုချက်*** - ဘုရားရှင်သည် စည်းလုံးညီညွတ်ပူးပေါင်းပေးတော်မူသကဲ့သို့ စည်းလုံးညီညွတ် ပူးပေါင်းလျက် အမှုတော်အတွက် ပေးလှူကြပါစို့။

-----o-----

***ဒုတိယအပတ် ဥပုသ်***
***ဇန္နဝါရီလ (၉) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ဒေဝီဇံ***

ဇင်ဘာဗွေ သိုးကျောင်းသားငယ် တစ်ယောက်သည် သိုးများကိုထိန်းကျောင်းစဉ် ခြုံပုတ်ထဲမှငြီးငြူသံတခုကို ကြားလိုက်ရသည်။ သွား၍ ကြည့်လိုက်သောအခါ ခြုံပုတ်အတွင်း၌ ပေါက်ခါစ ခြင်္သေ့ငယ်လေးတစ်ကောင်ကို တွေ့ရသည်။ နေဝင်ချိန် ရောက်သောအခါ ထိုခြင်္သေ့ငယ်လေးကို အိမ်သို့ပြန်ယူသွားခဲ့သည်။ ထိုခြင်္သေ့ငယ်လေးမှာ သိုးများနှင့် အတူကြီးပြင်းပြီး နေထိုင်စားသောက်ပါတော့သည်။

တနေ့တွင် ခြင်္သေ့ကလေးမှာ ရေကန်၌သိုးကလေးများတို့နှင့်အတူ ရေကိုငုံ့၍သောက်နေပါသည်။ ထိုစဉ် တောစပ်မှကြောက်မက်ဘွယ်ရာ ဟောက်သံတခုကို ကြားလိုက်ရာ သိုးငယ်ကလေးများနှင့်အတူ လုံခြုံရာ သိုးခြံသို့ ကြောက်ရွံ့စွာ ပြန်ပြေးခဲ့ပါသည်။

နောက်ရက်အနည်းငယ်၌ ရေဆင်းသောက်သောအခါ ရေပြင်ထဲတွင် ကြောက်စရာကောင်းသော ထိုဟိန်းဟောက်သော သတ္တဝါကို တွေ့လိုက်ရပါသည်။ သူသည် ထိတ်လန့်စွာဖြင့် ထိုနေရာမှ ပြေးထွက်သွားသော်လည်း မည်သည့်သိုးမျှ သူ၏နောက်သို့ မလိုက်သည်ကို တွေ့ရ၍ အံ့ဩမိပါသည်။ သံသယစိတ်ဖြင့် နောက်တခါ ရေထဲကို ပြန်ကြည့်လိုက်သည့်အခါ ထိုကြောက်စရာသတ္တဝါမှာ မိမိအရိပ်ပင်ဖြစ်ကြောင်း သိလာခဲ့သည်။ ထိုစဉ် တောစပ်မှ ဟိန်းဟောက်သံကို ကြားရပြန်ရာ မိမိ၏ အရိပ်ကိုကြည့်ပြီး ထိုသတ္တဝါနှင့်ဆက်သွယ်ရန် ကြိုးစားပါတော့သည်။ ထိုအကောင်ကြီးသည် မိမိအနားသို့ ရောက်ရှိလာပြီး ဟောက်ပြန်ရာ၊ မိမိလည်း ပြန်လည် ဟိန်းဟောက်ရန် ကြိုးစားရာ ခြင်္သေ့သံထွက်မလာဘဲ သိုးငယ်အသံကဲ့သို့ (၇) ကြိမ် အသံထွက်လာပါသည်။ (၈) ကြိမ်မြောက်တွင် ထပ်မံဟောက်သောအခါမှသာ ခြင်္သေ့သံ ထွက်လာပါတော့သည်။ ထိုသို့ ခြင်္သေ့သံထွက်တော့မှ မိမိသည် သိုးမဟုတ် ခြင်္သေ့ဖြစ်ကြောင်း သေချာပါတော့သည်။ ခြင်္သေ့ကြီးများက ၎င်းကို ခေါ်သောအခါ တောကြီးအတွင်းသို့ လိုက်ပါသွားပါတော့သည်။

***တောင်းဆိုချက်*** - ယနေ့ ကျွန်ုပ်တို့သည် အလှူတော်ငွေကို ပေးလှူစဉ် ဘုရားရှင်က ကျွန်ုပ်တို့ကို မိမိ၏ ပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းခဲ့သည်ကို သတိရကြပါ။ ကိုယ်တော်နှင့် ဆက်သွယ်၍ ကိုယ်တော်ရှင်ပေးတော်မူသကဲ့သို့ ပေးလှူကြပါစို့။

-----၀-----

***တတိယအပတ် ဥပုသ်***
***ဇန္နဝါရီလ (၁၆) ရက်၊ ၂၀၁၀ ခုနှစ်***



***အလှူငွေ - အသင်းတော်ရံပုံငွေ***

"နောဧမူကား ထာဝရဘုရား စိတ်တော်နှင့်တွေ့သောသူဖြစ်သတည်း။ နောဧ အထုပ္ပတ္တိဟူမူကား နောဧသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့်အတူသွားလာ၏။" (ကမ္ဘာဦးကျမ်း ၆း၈၊၉)

စာရိတ္တပျက်ပြားသော ကမ္ဘာကြီးသည် ဘုရားရှင်အား ကျောခိုင်းလျှက်ရှိသည်။ လူကို ဖန်ဆင်းခဲ့သောကြောင့် ဘုရားရှင် နောင်တရတော်မူသည်။ သို့သော် နောဧသည်ဘုရားရှင်အတွက် စိတ်ဖြေစရာဖြစ်ခဲ့သည်။ နောဧအားဖြင့် ဘုရားရှင်သည် လူသားမျိုးနွယ်ကို ဆက်လက် ပေါ်ပေါက်စေပါသည်။ နောဧ၌ ဘုရားရှင်၏ စိတ်တော်နှင့် တွေ့စေခဲ့သော ဝတ်ပြုမှုဆိုင်ရာ အမူအကျင့် ငါးရပ်နှင့်ပြည့်ဝခဲ့သည်။

၁။ နောဧသည် အရာရာထက် ဘုရားရှင်ကိုချစ်မြတ်နိုးသည်။ နောဧသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့်အတူ သွားလာ၏။" (ကမ္ဘာဦး ၆း၉)

၂။ နောဧသည် ဘုရားရှင်အား လုံးဝကိုးစားယုံကြည်သည်။ "နောဧသည် ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့သောစိတ်ရှိ၏။ မိမိအိမ်သူအိမ်သားတို့ကို ကယ်တင်ခြင်းငှါ သင်္ဘောကိုတည်လေ၏။" (ဟေဗြဲ ၁၁း၇)

၃။ နောဧသည် ဘုရားရှင်၏ စကားတော်ကို စိတ်ပါစွာ နားထောင်ခဲ့သည်။ "မှာထားတော်မူသည်အတိုင်းလည်း နောဧသည် ပြုလေ၏။" (ကမ္ဘာဦး ၆း၂၂)

၄။ နောဧသည် ဘုရားရှင်အား အစဉ်ချီးမွမ်းကျေးဇူးတင်သူဖြစ်သည်။ "နောဧသည်လည်း ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကိုတည်ပြီးမှ စင်ကြယ်သောအသား၊ စင်ကြယ်သောငှက်အမျိုးမျိုးထဲက ယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့သောယဇ်ကို ပူဇော်လေ၏။" (ကမ္ဘာဦး ၈း၂၂)

၅။ နောဧသည် မိမိ၌ရှိသော စွမ်းရည်ဖြင့် ဘုရားရှင် နှစ်သက်အောင်ပြုခဲ့ပါသည်။ "ဘုရားသခင်သည်လည်း၊ နောဧနှင့်သူ၏ သားတို့ကိုကောင်းကြီးပေးတော်မူ၏။ သင်တို့သည်များပြားစွာ မွေးဖွားလျက် မြေကြီးကို ပြည့်စေကြလော့။" (ကမ္ဘာဦး ၉း၁)

***တောင်းဆိုချက်*** - ကျွန်ုပ်တို့၏ ပြန်လည် ပေးကမ်းခြင်းဖြင့် ဘုရားရှင် မျက်နှာတော်ကို ပြုံးပျော်စေကြပါစို့။

-----၀-----

***စတုတ္ထဥပုသ်***
***ဇန္နဝါရီလ (၂၃) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

မောရှေသည် သိနာတောင်ပေါ်မှဆင်းလာပြီး မျက်နှာတွင် ဘုရားသခင်၏ ဘုန်းရောင် တောက်ပနေသည်ကို မြင်တွေ့ကြရ၏။ ဣသရေလလူမျိုးတို့က တစုံတခုဖြစ်တော့မည် ကိုသိနေကြသည်။ ထွက်မြောက်ရာကျမ်း ၂၅း၈ တွင် "ငါသည် သင်တို့၌ ကိန်းဝပ်ရာဖို့
သန့်ရှင်းရာဌာနကို လုပ်ကြစေဟူသောစကားသည် အသက်တာ၏ အပြောင်းအလဲပင်
ဖြစ်သည်။ အနန္တတန်ခိုးရှင်ဘုရားသည် သူတို့နှင့်အတူ နေထိုင်ရန် ကြွရောက်တော်မူမည်။ ဤမျှော်မှန်းချက်သည် တကယ်ပင်စိတ်လှုပ်ရှားစရာကောင်းလှပါသည်။ သန့်ရှင်းရာဌာနတော်အတွက် ပေးလှူချိန်ရောက်သော် တုန့်ပြန်မှုမှာ ပိုလျှံလျှက်ရှိပါ တော့သည်။

ပုံမှန်လိုအပ်မှုအတွက် ပေးကမ်းခြင်းကို လူအနည်းငယ်မျှသာ စိတ်ဝင်စားကြပါသည်။ ကြီးမားသော မျှော်မြင်မှုအတွက် စိတ်အားထက်သန်စွာ ပေးလှူလိုကြပါသည်။ ဘီးလ် အိုင်ဗာက၊ "ဖွဲလုံ့လနှင့်ပြည့်ဝသော ဦးဆောင်မှု" စာအုပ်တွင် ဤသို့ဖော်ပြ ထားပါသည်။ လူများတို့သည် စစ်မှန်သော သာသနာလုပ်ငန်းနှင့်လူ့အကျိုးပြုလုပ်ငန်းများ အတွက် အသုံးပြုနေကြောင်း မသိရှိပါက မိမိတို့၏ ဝင်ငွေကို မပေးလှူလိုကြပေ။ သူတို့က အဖွဲ့အစည်းနှင့်အခြားသူများအတွက် အလကားမပေးလိုကြပါ။ ရည်မှန်းချက်ရှိသောလုပ်ငန်းတွင်သာ ပေးလိုကြပါသည်။ စီမံကိန်းကြီးကျယ်လေလေ ပေးလှူလိုမှု သည်လည်း ပို၍ကြီးမား လာလေဖြစ်ပါသည်။

၎င်းကဆက်လက်၍ "အသင်းတော်၏ လိုအပ်မှုကို တင်ပြသောအခါ သင်၏လုပ်ဆောင်မှုသည် ကမ္ဘာကြီး၏မျှော်လင့်ချက်ကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်းကို ဖော်ပြပါ။ ဘုရားရှင်ကိုချီးမြှောက်သော အမြင်စီမံကိန်းကိုတင်ပြပါ။ လူများကို ထင်သာမြင်သာအောင် စီမံကိန်းကိုတင်ပြဖော်ဆောင်ပါ။ ထိုသို့ပြုလုပ်ပါက သင်ထင်မှတ်ထားသည်ထက် လူများကပို၍ ပေးလှူကြပါမည်။

***တောင်းဆိုချက်*** - ယခုပေးလှူစဉ် ခရစ်တော်ဘုရားကြွလာတော်မူမည့် မြင်ကွင်းကို စိတ်ကူးကြည့်ပါ။ ဤအလှူငွေများသည် ကြွလာခြင်း သတင်းစကားအတွက် ပင်ဖြစ်သည်။

-----o-----



***ပဉ္စမမြောက်ဥပုသ်***
***ဇန္နဝါရီလ (၃၀) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - အသင်းတော်ရံပုံငွေ***

"ငါအမှန်အကန်ဆိုသည်ကား မြေ၌ကျသောစပါးစေ့သည် မပျက်လျှင် တခုတည်းနေ၏။ ပျက်လျှင်မူကား များစွာသော အသီးကိုသီးတတ်၏။" (ယောဟန် ၁၂း၂၄)

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၍ မိသားစုတစ်စုအနေနှင့် ကိုယ်တော်ရှင်၌ ရှိတော်မူသော အရာများကို ခံစားရရှိနိုင်ရန် အလိုတော်ရှိတော်မူသည်။ မိမိ၏ ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းတော်မူကာ မျိုးစေ့ကဲ့သို့ ပွားများလာသောမိသားစု ဖြစ်လာရန် အလိုတော်ရှိခဲ့သည်။ သို့သော် စာတန်သည် ကိုယ်တော်၏ အကြံတော်ကို ရှုပ်ထွေးစေခဲ့သည်။

ဘုရားရှင်၏ စီမံကိန်းများကို မဖျက်ဆီးနိုင်ပါ။ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရန် ဒုတိယစီမံကန်းကို ဖော်ဆောင်ပြန်ပါသည်။ တပါးတည်းသော သားတော်ဟူသော မျိုးစေ့ကို ချပြန်ပါသည်။ ရွေးချယ်စရာ ကိုယ်တော်၌ ရှိပါသည်။ တပါးတည်းသော သားတော်ကို မိမိအနားမှာထားနိုင်သော်လည်း ထိုသို့မပြုဘဲ လက်ဝါးကပ်တိုင်ပေါ် အသေခံစေခဲ့ပါသည်။

သတင်းကောင်းမှာ ဂျုံစပါးစေ့ကဲ့သို့ မြေသို့ကျပြီးသေစေ၍ မြောက်များစွာသော မျိုးစေ့ များကို ဖြစ်ပေါ်စေသကဲ့သို့ ယေရှုရှင်သည်လည်း လောက၌ အသေခံပြီးများစွာသော သူများကို ကယ်တင်ခြင်းဖြစ်စေသည်။ ယေရှုရှင်သည် လက်ဝါးကပ်တိုင်တွင် အသေခံခြင်းဖြင့် သားဦးအရာကိုရခဲ့ပြန်သည်။ ထိုကြောင့် မာရိအား တပည့်တော်များအားဖြင့် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကြားပြောစေခဲ့ပါသည်။ "ငါသည် ငါ၏ခမည်း တော်နှင့် သင်၏ခမည်းတော်ထံသွားတော်မူသည်။"

***တောင်းဆိုချက်*** - ကျွန်ုပ်တို့၌ ရှိသောအရာများတို့သည် မျိုးစေ့များပင်ဖြစ်ပါသည်။ ဤအတိုင်းထားလျှင် ပျောက်ကွယ်သွားပေမည်။ ယနေ့ မြေသို့ ကျဲချကြပါစို့။

-----o-----

***ဆဋ္ဌမမြောက်ဥပုသ်***
***ဖေဖော်ဝါရီလ (၆) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

"ကျွန်ုပ်တို့သည် မိမိတို့အတွက် ဝိညာဉ်ရေး တိုးတက်ရန် သို့မဟုတ် ဝိညာဉ်ရေးအပန်း ဖြေရန်အတွက် လုပ်နေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်ရှင် ယေရှုကို

မှန်ကန်စွာသိရှိပြီး ကိုယ်တော်ရှင်၏ ရည်မှန်းချက်ကို အကောင်အထည်ဖေါ်ရန် ဖြစ်သည်။" (အော့စခဲချိန်ဘာ)

ကျွန်ုပ်တို့သည် ဘုရားရှင်၏ မိသားစုဝင်အတွက် တည်ရှိနေကြပါသည်။ ကယ်တင်ခြင်း စီမံကိန်းသည် ချစ်တတ်သော လေးစားတတ်သော မိသားစုကို တည်ဆောက်ပြီး ကိုယ်တော်နှင့်ထာဝစဉ် အုပ်စိုးရန်ပင်ဖြစ်သည်။ ယေရှုရှင်သည် ကျွန်ုပ်တို့၏ ခမည်း တော်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်လည်း ဘုရား၏ သားသမီးများဖြစ်လာကြပြီး အခြားယုံကြည်သူများနှင့် ညီအကိုမောင်နှမများအဖြစ် တော်စပ်ပါသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး မိသားစုသည် သွေးသားအားဖြင့် တော်စပ်သောမိသားစုထက်ပို၍ အရေးပါ ပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့တော်စပ်မှုသည် အမြဲတည်တံ့သည်ဖြစ်သော ကြောင့်ပင် . . . .

ဘုရားရှင်၏ မိသားစုတွင် ပါဝင်ရခြင်းသည် ကျွန်ုပ်တို့ရရှိသော အမြတ်ဆုံးသော ဂုဏ်ပြု ခြင်းနှင့်အခွင့်အရေးကြီးပင် ဖြစ်ပါသည်။ စိတ်ပျက်အားငယ်မှုနှင့် ကြုံတွေ့ရပါကကျွန်ုပ် တို့သည်ဘုရားရှင်၏မိသားစုဝင်တည်းဟူသော အသင်းတော်နှင့်သက်ဆိုင်မှုကို သတိရပါ။

***တောင်းဆိုချက်*** - ယနေ့အလှူတော်ငွေထည့်ဝင်စဉ် ကျွန်ုပ်တို့၏ ဝိညာဉ်ရေးမိသားစု တော်စပ်မှုကို တွေးတောပါ။ အသင်းတော်သည် ရှေ့သို့ ခြေလှမ်းစရာ များစွာရှိပါ သေးသည်။

-----o-----

### *သတ္တမအပတ် ဥပုသ်*
### *ဖေဖေါ်ဝါရီလ (၁၃) ရက်၊ ၂၀၁၀ ခုနှစ်*
### *အလှူငွေ - ဒေဝီဇံ*

ထိုအပတ်သည် ဘဏ္ဍာစိုးဆိုင်ရာ ဥပုသ်အပတ်ဖြစ်ပါသည်။ တရားဟော ဆရာသည် ရှင်ယောဟန် ၃း၁၆ ကိုအခြေတည်၍ စိတ်ဝင်စားဖွယ်ရာ တရားတော်မြတ်ကို ဟောကြားခဲ့သည်။

တရားဟောဆရာ အလေးအနက်ထားသည့် ဟောကြားချက်မှာ ကယ်တင်ခြင်းသည် အပြစ် ကမ္ဘာရှိ အချုပ်အနှောင်ခံရသော သူများအတွက် ဘုရားရှင်၏ မေတ္တာပေးကမ်းမှု အကြောင်းပင်ဖြစ်ပါသည်။ အဂါပေမေတ္တာ အကြောင်းကိုရှင်းပြရာ၌ မပြောင်းလဲသော အကျိုးကို မမျှော်ကိုးသော၊ အခြေအနေပေါ်မတည်သော၊ ကန့်သတ်ချက်မရှိသော မေတ္တာမျိုးဖြစ်ကာ၊ ရန်သူပင်ဖြစ်လင့်ကစား ချစ်တော်မူသော၊ အပြစ်ရှိသော်လည်း ချစ်သော မေတ္တာမျိုးဖြစ်ပါသည်။ ထိုမေတ္တာမျိုးကို လူတို့၌ရှိသော မေတ္တာမျိုးနှင့်



နှိုင်းယှဉ်ပြခဲ့ပါသည်။ ထိုမေတ္တာမျိုးဖြင့် ဘုရားရှင်သည် တပါးတည်းသော သားတော် အားပေးတော်မူပြီး လက်တွေ့ပြသခဲ့ကြောင်း ထိုအခြင်းအရာမှ တရားဟောချက်ကို လေးနက်စေခဲ့ပါသည်။

ထိုနေ့အတွက် ရှင်ယောဟန် ၃း၁၆ ကိုပြန်ပြောင်း၍ ကွက်လပ်ကိုဖြည့်ပေးရန်တောင်းဆို ခဲ့ပြန်ပါသည်။ "လူတို့သည် ဘုရားကို အလွန်ချစ်ကြပါသည်။ ထို့ကြောင့် ဘုရားရှင်အား ပေးခဲ့ကြပါသည်။

ဘုရားရှင်သည် ကျွန်ုပ်တို့ကို ဦးစွာ ချစ်တော်မူ၏။ ကျွန်ုပ်တို့သည် ကိုယ်တော်ကိုပြန် ချစ်ကြပါသည်။ မေတ္တာသည် မေတ္တာကိုပေါ်ပေါက်စေပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ အတွက်ဦးစွာ ပေးတော်မူခဲ့၍ ကျွန်ုပ်တို့သည် ပြန်လည် ပေးကြပါသည်။ ရက်ရောစွာပေးကမ်းခြင်းသည် နှလုံးသား ခံစားချက်အားဖြင့် ဖြစ်ပေါ်လာစေသည်။

***တောင်းဆိုချက်*** - ကျွန်ုပ်တို့သည် အလှူတော်ငွေကို ထည့်ဝင်စဉ် ဘုရားရှင်၏မေတ္တာ ကိုဖေါ်ပြသည့်သားတော်ကိုပေးတော်မူသည့်အချက်ကိုပြန်၍သတိရကြပါရဲ့လား. . . .

-----o-----

### *အဋ္ဌမဥပုသ်အပတ်*
### *ဖေဖေါ်ဝါရီလ (၂၀) ရက်၊ ၂၀၁၀ ခုနှစ်။*
### *အလှူငွေ - အသင်းတော်ရံပုံငွေ*

"ထိုပွဲကိုခံ၍ နောက်ဆုံးသောနေ့မြတ်၌ ယေရှုသည် ရပ်၍ကြွေးကြော်တော်မူသည်ကား၊ ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကိုယုံကြည်သောသူသည် ကျမ်း စာလာသည်အတိုင်းအသက်ရေထွက်ရာစမ်းရေတွင်းဖြစ်လိမ့်မည် ဟုမိန့်တော်မူ၏။" (ရှင်ယောဟန် ၇း၃၇၊၃၈)

အတွေးအခေါ် ပညာရှင်ဘလေစီပါစကာ၏ အဆိုအရ လူတို့သည် ဘုရားရှင်နှင့် တူညီသောပုံစံခွက်အတွင်း မိမိဘာသာ ဖြည့်စွက်နိုင်ခြင်းဖြင့် ဖန်ဆင်းထားပါသည်။ လူတို့၏ လိုအပ်မှုကို ယေရှုရှင်သာလျှင် မေတ္တာရေဖြင့် ပုံသွင်းပေးနိုင်ပါသည်။ အခြားသောစမ်းရေတွင်းမှ ရေဖြင့် ဖြည့်ပေး၍မရနိုင်ပါ။ ဤအကြောင်းကို ပရောဖက် ယေရမိကသိရှိပြီး ယေရမိ ၂း၁၃ တွင် " ငါ၏လူတို့သည် အသက်စမ်းရေတွင်းတည်း ဟူသော ငါ့ကိုစွန့်ပယ်၍၊ ရေမလှံပဲပျက်လျှက်ရှိသော ရေကျင်းတို့ကို တူးသောအားဖြင့် ဒုစရိုက် နှစ်ပါးကို ပြုကြပြီး။" (ယေရမိ ၂း၁၃) ထိုအမှန်တရားကို ယေရှုရှင်သည် ရှမာရီ အမျိုးသမီးနှင့်ပြောဆိုရာ၌ "ယေရှုကလည်း၊ ဤရေကိုသောက်သောသူသည် နောက်တဖန်ရေငတ်ဦးမည်။ ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်

အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်ရှင်ခြင်း အလို့ငှါ ထွက်သောစမ်းရေဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။" (ရှင်ယောဟန် ၄း၁၃၊၁၄)

ယေရှုရှင်တည်းဟူသော အသက်စမ်းရေတွင်းမှ ရေကို သောက်သုံး၍ သူတပါးအားပေး ဝေကြပါစို့။ ကျွန်ုပ်တို့၏ စမ်းရေတွင်းလည်း အစဉ်စီးဆင်းစေကြပါစို့။

***တောင်းဆိုချက်*** - ခရစ်တော်ကို ကျွန်ုပ်တို့ အသက်တာတွင် ထားရှိပြီး ပေးကမ်းခြင်း စမ်းရေကို အမြဲစီးဆင်းစေကြပါစို့။

-----o-----

***ကိုးပတ်မြောက် ဥပုသ်***
***ဖေဖော်ဝါရီလ (၂၇) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

"ဥပမာကား၊ လူတဦးသည် အခြားသောပြည်သို့ သွားမည်ဟု အကြံရှိလျှက်၊ မိမိငယ်သား တို့ကို ခေါ်၍ မိမိဥစ္စာများကို အပ်ပေး၏။" (ရှင်မဿဲ ၂၅း၁၄)

အရှင်သည် မိမိ၏ ဥစ္စာပစ္စည်းများကို အစေခံတို့အား စိတ်ချစွာအပ်ခဲ့သည်။ ကျွန်ုပ်တို့လည်း အကြိမ်များစွာ ကျွန်ုပ်တို့ လက်ဝယ်ရှိအရာများကို ကျွန်ုပ်တို့မပိုင်ကြောင်း ကိုယ်တော်သာပိုင်ဆိုင်ကြောင်း သိဘို့လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ဖန်ဆင်းတော်မူသည်သာမက အသွေးတော်မြတ်ဖြင့် ဝယ်ယူတော်မူခဲ့သောကြောင့် ကိုယ်တော်နှင့်သာ သက်ဆိုင်ပါသည်။ ကိုယ်တော်သာပိုင်ပါသည်။ ကျွန်ုပ်တို့လုပ်ဆောင်၍ရသောအရာသည်လည်းကိုယ်တော်သာပိုင်ဆိုင်ပါသည်။ဆယ်ဖို့တဖို့သာကိုယ်တော်ပိုင်သည်မဟုတ်၊ကျန်သော ၉၀% သည်လည်းကိုယ်တော်သာပိုင်ဆိုင်ပါသည်။ ထို ၉၀% ကို ကျွန်ုပ်တို့ မည်သို့ အသုံးပြုသည်ကို ကိုယ်တော်ဝင်ရောက်စွက် ဖက်နိုင် ပါသည်။

သခင်သည် အရင်းအနှီးကို အစေခံတို့ကို ပေးထားပါသည်။ ဂရိစကားအရ အစေခံဟူသည် ကျွန်ုပ်ဟုလည်း အဓိပ္ပါယ်ရပါသည်။ ကျွန်ုပ်သည် သခင်၏ အလိုရှိသမျှကို လုပ်ဆောင်ပေးရန်သာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အပြစ် ကျေးကျွန်ဘဝမှ ဖြောင့်မတ်ခြင်းတရား ကျေးကျွန်ဘဝသို့ ရောက်ရန် ခရစ်တော်ကယ်ခဲ့ပါသည်။ ကောင်းကင်အရှင်၏အလိုတော်ကို ဖြည့်စွမ်းရန် ကျွန်ုပ်တို့တာဝန်ရှိကြပါသည်။

***တောင်းဆိုချက်*** - ယနေ့ ကျွန်ုပ်တို့၏ အလှူငွေထည့်ဝင်ခြင်းတွင် အရှင်၏ပိုင်ဆိုင်မှုကို သာထည့်ဝင်ခြင်းဖြစ်ပါသည်။ ဘုန်းတော်ကို ထင်ရှားစေရန် ရက်ရောစွာ လှူဒါန်းကြပါစို့။

-----o-----

***ဆယ်ပတ်မြောက် ဥပုသ်***



***မတ်လ (၆) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

'ကာလကြာမြင့်ပြီးမှ ထိုငယ်သားတို့၏ အရှင်သည်လာ၍သူတို့ကိုစာရင်းယူလေ၏။
'

(ရှင်မဿဲ ၂၅း၁၉)

နောက်ကျခြင်း၊ နှောင့်နှေးခြင်းတို့သည် အလွန် မုန်းစရာကောင်းလှပါသည်။ နောက်ကျခြင်းကို ကျွန်ုပ်တို့ စိတ်မရှည်နိုင်သလို သီးမခံလိုကြပါ။ နှောင့်နှေးခြင်းသည် ကျွန်ုပ်တို့ အထဲ၌ လျှို့ဝှက်ချက်ကို ဖေါ်ပြသော နည်းတမျိုးဖြစ်ပါသည်။ အပျိုကညာ (၁၀) ဦး၏ သာဓကသည် ကျွန်ုပ်တို့အား နှောင့်နှေးခြင်းကို မည်သို့ တုန့်ပြန်သည်ကို ပြသရာရောက်ပါသည်။ သူတော်ကောင်းများတို့သည် အားလုံး အိပ်မောကျနေကြပါသည်။ နှောင့်နှေးခြင်းကြောင့် ကျွန်ုပ်တို့ တစ်ဦးစီအား ဘုရားရှင်၏ တောင်းဆိုထားချက်များကို ပေါ့ဆမှုဖြစ်စေပြီး သတိမဲ့မှုကို ဖြစ်ပေါ်စေပါသည်။

နှောင့်နှေးခြင်းသည် ရှင်မဿဲ ၂၄း၄၈-၅၀ တွင် ဖေါ်ပြထားသော ဆိုးညစ်သောဘဏ္ဍာစိုးကဲ့သို့ ဖြစ်လာစေပါသည်။ "အကြင်ကျွန်ဆိုးက၊ ငါ့အရှင် လာခဲ့လိမ့်မည်ဟု စိတ်ထဲ၌ အောက်မေ့သည်နှင့်၊ ကျွန်အချင်းချင်းတို့ကို ရိုက်ပုတ်လျှက် သေသောက်ကြူးသောသူတို့နှင့်တကွ စားသောက်လျှက်နေ၏။ ထိုကျွန်မ ကြည့်မျှော်သောနေ့ရက်၊ မကြားမသိသော အချိန်နာရီ၌ သခင်သည်ရောက်လာလျှင်" ဟုဖေါ်ပြထားပါသည်။

အဆင်သင့်ပြင်ထားသည်ဖြစ်စေ၊ မပြင်ထားသည်ဖြစ်စေ အရှင်သည် လာမည်။ ကြွလာတော်မူသောအခါ စာရင်းကိုရှင်းတော်မူလိမ့်မည်။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် သစ္စာရှိသောသူ သို့မဟုတ် သစ္စာမဲ့သောသူလား ဆိုသည်ကို သိရပေလိမ့်မည်။

***တောင်းဆိုချက်*** - ယေရှုရှင်က ဗျာဒိတ်ကျမ်း ၂၂း၁၂ တွင် "ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကို ဆောင်ခဲ့သည်ဖြစ်၍ လူအသီးသီးတို့အား၊ မိမိတို့အကျင့်အတိုင်း ဆပ်ပေးမည်။" ပေးမည့် ဆုလာဒ်သည် သေချာသောကြောင့် ရက်ရောစွာ ပေးလှူကြပါစို့။

-----o-----

***၁၁ ပတ်မြောက် ဥပုသ်***
***မတ်လ (၁၃) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - မျှော်လင့်ခြင်း အသံရေဒီယို***

"ယနေ့ နံနက် ဘုရားကျောင်းအတွင်းသို့ ဝင်ရောက်စဉ် ကျွန်ုပ်တို့ရရှိသော ဘာသာ

ရေးလွတ်လပ်ခွင့်အကြောင်းကို တွေးမိပါသလား။ ယုံကြည်သူ မိသားစုဝင်များကို တွေ့ဆုံနိုင်ခွင့် ဘာသာရေးအသံလွှင့်ချက်ကို နားထောင်ရသောအခွင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို မိတ်ဆွေများထံ မျှဝေသက်သေခံနိုင်ခွင့်နှင့် အခြားအခွင့်အရေးများကို ကျွန်ုပ်တို့ရရှိကြပါသည်။ သို့သော် ဤသို့သော အခွင့်အရေးကို တချို့အရပ်ဒေသရှိ လူများမရရှိကြပါ။ မျှော်လင့်ခြင်းသတင်းစကား သွားရောက် မဟောပြောနိုင်သော ဒေသများတွင် "မျှော်လင့်ခြင်းအသံ ရေဒီယို" အသံလွှင့်အစီအစဉ်ဖြင့် သတင်းကားကို ဖြန့်ချီလျှက်ရှိပါသည်။ ဆူဒန်၊ ဘင်္ဂလားဒေ့ရှ်၊ အီရတ် နိုင်ငံများတွင် ဘုရားရှင်၏ မေတ္တာအကြောင်းကို အသံလွှင့်အစီအစဉ်မှတဆင့် ကြားနာခွင့်ရရှိကြပါသည်။ အများသောအသက်တာများလည်း ပြောင်းလဲခဲ့ကြပါသည်။ အာဖရိကရှိ ပြောင်းလဲလာသူတဦးက-

“ကျွန်ုပ်သည် အစ္စလန် အစွန်းရောက်အဖွဲ့ဝင် တစ်ဦးဖြစ်ခဲ့ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်တွင် ခရစ်တော်ဘုရားကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ပါသည်။ ခရစ်ယာန်ဘာသာဝင် ဖြစ်လာခြင်းကြောင့် အခက်အခဲများစွာနှင့် ကြုံတွေ့ခဲ့ရပါသည်။သို့သော်ဘုရားရှင်၏ ကျေးဇူးတော်ကြောင့် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့ပါပြီ။နောက်ဆုံးတွင် ကျွန်ုပ်ကို မှားယွင်းစွာ စွတ်စွဲပြီး ထောင်ချခြင်းခံရပါသည်။ ထောင်ထဲ၌ပင် ကျွန်ုပ်သည် သင်တို့၏ အစီအစဉ်ကို သိလာရပါသည်။ ၎င်းအစီအစဉ်သည် ကျွန်ုပ်အားအသိတရား ပေးရုံသာမက ခွန်အားလည်း ဖြစ်စေခဲ့ပါသည်။ ကျွန်ုပ်သည်လည်း အစီအစဉ်ဖေါ်ပြချက်နှင့် ခရစ်တော်၏ မေတ္တာအကြောင်းကို အခြားသူများထံ ဟောကြားသက်သေခံနိုင်ခဲ့ပါသည်။ ဤအစီအစဉ်ကောင်းများကို ဆက်လက်၍ အသံလွှင့်ပေးပါရန် တောင်းဆိုခဲ့ပါသည်။

ခရစ်တော်၏သတင်းကောင်း မဝင်ရောက်နိုင်သော နိုင်ငံများသို့ သတင်းစကားများကို အသံလွှင့်ဟောကြားမှုနှင့် ပြုလုပ်ပေးလျှက်ရှိပါသည်။ သတင်းစကားရောက်ရန်ခက်ခဲသောနိုင်ငံ၅၀ အနက် နိုင်ငံ ၄၀သို့အဒေဗလျူအားဖြင့် သတင်းစကား ရောက်ရှိနေပါပြီ။

***တောင်းဆိုချက်*** - ယနေ့တွင် သန်းပေါင်းများစွာသောလူတို့သည် ဘုရားရှင်၏မေတ္တာအကြောင်းကို မသိရှိကြသေးပါ။ သင်၏ကူညီမှုအားဖြင့် သူတို့ထံ သတင်းစကားရောက်ရှိမည်ဖြစ်ပါသည်။ ယနေ့အဒေဗလျူအာ အတွက် ရက်ရောစွာ တည့်ဝင် လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

-----o-----

***၁၂ ပတ်မြောက် ဥပုသ်***

***မတ်လ (၂၀) ရက်၊ ၂၀၁၀ ခုနှစ်***

***အလှူငွေ - အသင်းတော်ရံပုံငွေ***



“သံချေး၊ ပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖေါက် မခိုးယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကိုဆည်းပူးကြလော့။” (ရှင်မဿဲ ၆း၂၀)

ဘုရားရှင်သည် ကျွန်ုပ်တို့အား ကောင်းကင်၌ ဘဏ္ဍာစုဆောင်းထားနိုင်ရန် လောကရှိကြေးငွေကို အသုံးပြုခွင့် ပေးထားပါသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်နိုင်ငံတွင်ထာဝရ မပျက်ဆီးနိုင်သောကြောင့် ဖြစ်သည်။ သံချေး၊ ပိုးရွ မဖျက်စီးနိုင်သကဲ့သို့ သူတို့ လည်း မခိုးယူနိုင်သော ကိုယ်တော်၏ လက်တော်၌ ကျွန်ုပ်တို့၏ ဘဏ္ဍာသည် လုံခြုံလျှက်ရှိပါ၏။

ယေရှုခရစ်က အသက်တာပြောင်းလဲမှု အမှန်တရားကို ဖေါ်ပြခဲ့ပါသည်။ ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများကို သေခြင်းတဖက်ကမ်းသို့ ကျွန်ုပ်တို့ မယူသွားနိုင်ပါ။ သို့သော်ကြိုတင်၍သေခြင်း တဖက်ကမ်း အိမ်တော်သို့ ပို့ထားနိုင်ပါသည်။ လက်ဝယ်ထားရှိသောအရာ ဟူသမျှ ပျက်စီးနိုင်ပါသည်။ ကိုယ်တော်၏ လက်တော်သို့အပ်ထားပါကထာဝရတည်မြဲမည်ဖြစ်ပါသည်။

လောကရှိ အချမ်းသာဆုံးပုဂ္ဂိုလ် J.D Rockefeller ရော့ခ်ဖဲလား သေဆုံးသောအခါ သူ၏ ဘဏ္ဍာစိုးတို့အား သတင်းထောက်က “သူဌေးကြီးငွေဘယ်လောက်ထားခဲ့သလဲ” ဟုမေးရာ ထိုသူက “အားလုံးဘဲထားခဲ့ပါတယ်” ဟူ၍ ဖြေကြားခဲ့ပါသည်။ ဂျွန်ဝက်စလီ ဆိုသော တရားဟောဆရာတစ်ဦးကို ကြွယ်ဝသော မြေပိုင်ရှင်တစ်ဦးက ၎င်း၏မြေယာ မည်မျှကျယ်ဝန်းပုံကို လိုက်လံပြသခဲ့ပါသည်။ တနေကုန် မြင်းစီးပြီး လိုက်ကြည့်သော်လည်း မကုန်နိုင်ခဲ့ပါ။ ပိုင်ဆိုင်မှု တစိတ်တဒေသကိုသာ မြင်ခဲ့ရပါသည်။ ညစာစားချိန်တွင် သူဌေးက ဆရာကြီးအား “ကျွန်ုပ်၏ မြေနှင့်ပတ်သက်ပြီး ဘယ်လိုသဘောရလဲ” - ဟုမေးရာ ဆရာကြီးက “ဒီလောက် များပြားတဲ့မြေကို ထားခဲ့ဘို့သူဌေးအတွက် တော့မဟာအခက်အခဲတခုပါဘဲ” - ဟူ၍ ပြောကြားခဲ့ပါသည်။

***တောင်းဆိုချက်*** - ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံသားများဖြစ်ကြသည်ကို သိရှိပြီး အလှူငွေများကို ထည့်ဝင်ကြပါစို့။ လောကဥစ္စာပစ္စည်းများကို ကောင်းကင် ဥစ္စာပစ္စည်း အဖြစ်ပြောင်းလဲကြပါစို့။

-----o-----

***၁၃ ပတ်မြောက် ဥပုသ်***

***မတ်လ (၂၇) ရက်၊ ၂၀၁၀ ခုနှစ်***

***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

‘အကြင်အရပ်၌ သင်တို့ဘဏ္ဍာရှိ၏ ထိုအရပ်သို့သင်တို့၏စိတ်နှလုံးရောက်တတ်၏။’

(ရှင်မဿဲ ၆း၂၁)

"သင်၏ ဘဏ်စာအုပ်သည် သင်၏ ဘာသာရေး အထောက်အထားဖြစ်၏။ ထိုစာအုပ်သည်သင့်အား မည်သူ့ကို - မည်သည့်အရာကို ကိုးကွယ်ကြောင်း ပြသခြင်းပင်ဖြစ်ပါသည်။" (ဘီလီဂရေဟင်)

ရန်ဒီအယ်လကွန်ဆိုသူက အထက်ပါအကြောင်းအရာကို ဤသို့ မှတ်ချက်ပြုထားပါသည်။"သင်၏ဘဏ်စာအုပ်၊ အကြွေးဝယ်ကပ်ပြားနှင့် ဈေးဝယ် ဘောက်ချာကိုပြလျှင် ကျွန်ုပ်က သင်၏စိတ်နှလုံ မည်သည့်အရာတွင် ရှိကြောင်းကိုပြသနိုင်ပါသည်။"

ဤအချက်သည် အလွန်ပင် မှန်ကန်ပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲပုံကိုကြည့်၍ ကျွန်ုပ်တို့၏နှလုံးသား ရှိရာအရပ်ကို သိနိုင်ပါသည်။ ကျွန်ုပ်တို့၏ သုံးစွဲမှုသည် ကျွန်ုပ်တို့၏ စိတ်နှလုံးကို ဖေါ်ပြသောကြည့်မှန်နှင့် ပင်တူပါသည်။

အကယ်၍ ဘုရားကို ကျွန်ုပ်တို့ ချစ်လျှင် ဘုရားရှင်အတွက် ဘုရားရှင်၏ အမှုတော်အတွက် ငွေကြေးကိုသုံးစွဲရန် ဝန်လေးမည်မဟုတ်ပေ။ ဘုရားရှင်၏ ထာဝရနိုင်ငံတော်ကို ရည်စူးမည်ဆိုလျှင် ထိုနိုင်ငံ တည်ဆောက်မှုအတွက် မိမိပိုင်ငွေကို ပေးလှူရန် ဝန်လေးမည်မဟုတ်ပါ။

***တောင်းဆိုချက်*** - ဘုရားရှင်၏ နိုင်ငံတော်အတွက် ရက်ရောစွာထည့်ဝင် ကြပါစို့။ ကောင်းကင်နိုင်ငံရောက်သော် ကျွန်ုပ်တို့ ထည့်ဝင်မှုအတွက် အကျိုးကို ပြန်လည်ခံစားရပေလိမ့်မည်။

-----o-----

### ***၁၄ ပတ်မြောက် ဥပုသ်***
### ***ဧပြီလ (၃) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

သဲကန္တာရအတွင်း သန့်ရှင်းရာဌာနတော်ကို တည်ဆောက်ရန် မောရှေမှ အလှူတော်ငွေ တောင်းခံရာ လူတို့သည် စိတ်အားထက်သန်စွာ ပေးလှူကြပါသည်။ ဤရက်ရောမှုစိတ်ဓာတ်သည် မည်သည့် အချိန်နှင့်မျှနှိုင်းယှဉ်၍ မရသော ရက်ရောမှုပင်ဖြစ်ပါသည်။ ကျမ်းစာတော်မြတ်မှ ဤသို့ မှတ်တမ်းတင်ထားပါသည်။

"မောရှေက သန့်ရှင်းရာ ဌာနတော်အဖို့ လှူခြင်းငှါ အဘယ်ယောကျ်ား မိန်းမမျှထပ်မံ၍မလုပ်စေနှင့်ဟုစီရင်၍ တစ်တပ်လုံး၌ ကြော်ငြာစေသဖြင့် လူများ အလှူခံခြင်းအမှုကို ဆီးတား၏။ ရခဲ့သော ဥစ္စာသည် အလုပ်ရှိသမျှကို ပြီးစီးလောက်ရုံမျှမက ပိုလျှက်ရှိသတည်း။" (ထွက်မြောက်ရာကျမ်း ၃၆း၇)



ရှေးဦးအသင်းတော်များတွင်လည်း ထိုစိတ်ဓာတ်များကို တွေ့ရှိရပါသည်။

တမန်တော်ဝတ္ထု ၄း၃၂-၃၅ တွင် "ယုံကြည်သောသူအပေါင်းတို့သည် စိတ်နှလုံးတညီတညွတ်တည်းရှိ၍ အဘယ်သူမျှ မိမိဥစ္စာ တစုံတခုကို ငါ့ဥစ္စာဟူ၍ မဆိုဘဲလျှက် ရှိသမျှ

သောဥစ္စာတို့ကို ဆက်ဆံသဖြင့် သုံးဆောင်ကြ၏။ သခင်ယေရှု ပြန်လည်ထမြောက်တော်မူခြင်းအကြောင်းကို တမန်တော်တို့သည် ကြီးသောတန်ခိုးနှင့် သက်သေခံ၍ ထိုသူအပေါင်းတို့သည် ကြီးသောကျေးဇူးတော်နှင့်ပြည့်စုံကြ၏။ထိုသူတို့တွင်ဆင်းရဲသောသူတစ်ယောက်မျှမရှိ အကြောင်းမူကား၊ အိမ်၊မြေကွက် တို့ကို ပိုင်သောသူရှိသမျှတို့သည် ရောင်းပြီးလျှင် ရသောအဖိုးကို ယူဆောင်၍ တမန်တော်တို့၏ ခြေရင်း၌ထားကြသဖြင့် လူများသည် ဆင်းရဲသည်အတိုင်း အသီးသီးတို့အား ဝေငှပေးကမ်းကြ၏။"

ဤဖြစ်ရပ်ကြီး နှစ်ခု၏ နောက်ကွယ်၌ ဤသို့သဒ္ဒါတရားထက်သန်စိတ် ပေါ်ပေါက်စေရန် ဘာတွန်းအားပေးခဲ့ပါသနည်း။ သန့်ရှင်းသော ဝိညာဉ်တော်သည်လူသားတို့၏နှလုံးတို့ကို လှုပ်ရှားစေခဲ့ပါသည်။ ဝိညာဉ်တော်သည်ဘဏ္ဍာစိုးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်ပါသည်။

***တောင်းဆိုချက်*** - ယနေ့ပေးလှူနေစဉ် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၏နိုးဆော်မှုကို ခံယူပြီး ပေးလှူကြပါစို့။ ထိုအသံတော်ကို နားထောင်ခံယူ ကြပါစို့။

-----o-----

### ***၁၅ ပတ်မြောက် ဥပုသ်***
### ***ဧပြီလ (၁၀) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ဂျီစီ အစည်းအဝေး***

နှစ်ပေါင်းများစွာကပင် အထူးအလှူငွေကောက်ခံခြင်းသည် ငါးနှစ်တကြိမ် ကျင်းပလျှက်ရှိသော ကမ္ဘာ့ညီလာခံ စီမံကိန်းအတွက် ဖြစ်ပါသည်။ ဤအလှူငွေများကို သာသနာ့လုပ်ငန်း ဟောပြောမှုအတွက် ဖြစ်သည်အားလျော်စွာ "ကမ္ဘာကြီးအတွက် လက်ချင်းဆက်ဆောင်ရွက်မှု၊" "၁၀-၄၀ ပြူတင်းပေါက် ဆောင်ရွက်မှု စီမံကိန်း" နှင့် "မြို့ကြီးများအတွက် မျှော်လင့်ခြင်း၊" အစီအစဉ်များ၌ အသုံးပြုခဲ့ပါသည်။

ယခုနှစ် အလှူတော်ငွေ၏ စီမံကိန်းကို "၁၀-၄၀ ပြူတင်းပေါက် -- ရှေးပိုးလမ်းမကြီး၏ ကယ်တင်ခြင်း" ဟူ၍ ခေါ်တွင်ထားပါသည်။ ဤပိုးလမ်းမကြီးသည် ဘီစီ ၁၀၀ လောက်ကကုန်သွယ်မှုပြု လမ်းမကြီး ဖြစ်ခဲ့ပြီး ၁၅ ရာစု အထိတိုင်ရှိခဲ့ပါသည်။တရုတ်ပြည်မြောက်ပိုင်းမှစပြီး အနောက်ဘက်သို့ ဦးတည်ကာ မြေထဲပင်လယ် တိုင်အောင် ရောက်ခဲ့ပါသည်။ ၎င်းအမည်သည် တရုတ်ပြည်၏ အထည်အလိပ် ရောင်းဝယ်မှုကို အမွှန်းတင် ခေါ်ဆိုထားခြင်းဖြစ်ပါသည်။

တရုတ်ပြည်ကြီး၏ ပိုးထည်၊ ကြွေထည်များနှင့် အခြားပစ္စည်းများအစာ ကျွန်ုပ်တို့သည် အစွလန် လူထုများထံသို့ ဧဝံဂေလိသတင်းစကားများကို ဝေငှလိုပါသည်။ ထိုဒေသတွင် နေထိုင်ကြသော ဗုဒ္ဓဘာသာဝင်နှင့် အခြားပုဂ္ဂိုလ်များလည်း ယေရှုရှင်ကို သိရှိချင်ကြပါသည်။ ထိုနေရာများတွင် ခရစ်ယာန် အနည်းငယ်သာ ရှိကြပါသည်။ ထိုနေရာသို့ ထာဝရဧဝံဂေလိတရားဟောကြားရန် အချိန်ရောက်ရှိနေပါပြီ။

***တောင်းဆိုချက်*** - ထိုဒေသ၏ သာသနာလုပ်ငန်းအတွက် သင်လည်း အလှူငွေအား ဖြင့်ပါဝင်နိုင်ပါသည်။

-----o-----

***၁၆ ပတ်မြောက် ဥပုသ်***
***ဧပြီလ (၁၇)ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - အသင်းတော်ရုံပုံငွေ***

ရှင်ယောဟန် ၁၅း၁၅ "ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍ မခေါ်၊ ထိုသခင်ပြုသော အမှုကိုမသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။"

ယေရှုရှင်သည် တပည့်တော်များတို့နှင့်အတူ သုံးနှစ်ခွဲခန့် အတူတကွ နေထိုင်ခဲ့ပါသည်။ သူတို့သည် ခရစ်တော်နောက်သို့ သစ္စာရှိစွာ လိုက်ခဲ့ကြပါသည်။ ကိုယ်တော်ကို အကြွင်းမဲ့လည်း ယုံကြည်ကိုးစား ခဲ့ပါသည်။ ကိုယ်တော်သည် သူတို့၏ ဆရာကြီးဖြစ်ကာ၊ ၄င်းတို့သည်တပည့်တော်များ ဖြစ်ကြပါသည်။ ၄င်းတို့က အစေခံများ ဖြစ်ကြပြီး ကိုယ်တော်သည်သူတို့၏ သခင်ဖြစ်ပါသည်။ အစေခံတို့သည် သခင်၏ လုပ်ငန်းမည်သို့ရှိသည်ကို နားမလည်ကြပါ။ အမိန့်ကိုသာ နာခံကြရပါသည်။

ယခုတွင် သူတို့၏ ဆက်ဆံမှုအနေအထား ပြောင်းလဲသွားခဲ့ပါသည်။ ၄င်းတို့သည် အစေ ခံဘဝမှမိတ်ဆွေများအဆင့်သို့ ရောက်ရှိသွားပါပြီ။ မိတ်ဆွေတို့၏ ဆက်ဆံရေးအကြောင်းကို ယေရှုရှင်က ရှင်းပြခဲ့ပါသည်။ ခရစ်တော်သည် "ခမည်းတော်ထံမှ လေ့လာသင်ယူခဲ့ရသော အရာများကို မိတ်ဆွေများအား ပြန်လည် သင်ကြားပေးခဲ့ပါသည်" ဟုဆိုခဲ့ပါသည်။ သူတို့သည် ဆက်ဆံမှုအတွင်းစည်းသို့ရောက်ရှိလာပြီး သူတို့အားလုံး ဘုရားရှင်၏ စီမံကိန်းများနှင့် ရည်ရွယ်ချက်များကို သိရှိနားလည် ကြပါသည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏မိတ်ဆွေများဖြစ်ကြပါသည်။ကိုယ်တော်၏အကြံအစည်များနှင့်ရည်ရွယ်ချက်များကို နားလည်ကြပါသည်။ ကျေးဇူးတော်အားဖြင့်ကယ်တင်ခြင်းရရှိသော အပြစ်သားတို့၏ ဦးရေတိုးပွားရန် လိုလားတော်မူပါသည်။ ထိုသူတို့ကယ်တင်



ခြင်းအတွက် ကျွန်ုပ်တို့သည် ကောင်းကင်အရှင်သခင်နှင့် ပူးပေါင်းကြရပါလိမ့်မည်။ ကိုယ်တော်၏ နှလုံးသာ လိုအင် ဆန္ဒပြည့်ဝစေရန် ကျွန်ုပ်တို့သည် မိမိတို့၏ဆန္ဒအလိုကိုပုံအပ်၍ အကောင်အထည်ဖေါ်ရပေလိမ့်မည်။

***တောင်းဆိုချက်*** - ယနေ့ အလှူငွေကို ထည့်ဝင်ရာ၌ အသိတရား မဲ့သူများကဲ့သို့မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်ကဲ့သို့ ထည့်ဝင်ကြပါစို့။ -ကိုယ်တော်ရှင်၏ ထာဝရ ရည်မှန်းချက်ကို နားလည်သော မိတ်ဆွေစစ်ကဲ့သို့ ထည့်ဝင်ကြပါစို့။ -

-----o-----

***၁၇ ပတ်မြောက် ဥပုသ်***
***ဧပြီလ (၂၄) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

ဘုရားရှင်၏ ဘုန်းတော်ကို ထင်ရှားစေရန် သင်၏အစွမ်းသတ္တိကို အသုံးပြုပါ။ "ဘုရားရှင်၏ဘုန်းတော်ကို ထောက်၍ ခပ်သိမ်းသောအမှုကိုပြုပါ" ၁ကော ၁၀း၃၁။ ဘုရားရှင်သည် လူအချို့တို့အား ငွေကြေးရှာဖွေရန် စွမ်းရည်ကို ပေးထားပါသည်။ ငွေကိုရှာဖွေတတ်သူတို့သည် ရောင်းဝယ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲတတ်သလို စွန့်စား၍ ငွေကြေးတိုးပွားအောင်လည်း လုပ်ဆောင်တတ်ကြပါသည်။ ဤအရည်အချင်းများကို အပြစ်ကင်းစင်စွာဖြင့် အောက်ဖေါ်ပြချက်များနှင့်လုပ်ဆောင်နိုင်ရပေလိမ့်မည်။

- ➢ ဦးစွာ ထိုအရည်အချင်းများသည် ဘုရားရှင်ထံမှ လာကြောင်းကိုသိရှိပြီး ဘုရားကို ချီးမွမ်းပါ။ ဘုရားရှင်သည် သူ၏ ဘုန်းတော်ကိုမမျှဝေပါ။
- ➢ ဒုတိယအချက်အဖြစ် သူတပါး၏ လိုအပ်မှုအတွက် သင်၏လုပ်ငန်းကို အသုံးပြု၍ မယုံကြည်သောသူတို့နှင့် သင်၏ ယုံကြည်ခြင်းကိုမျှဝေပါ။ သင်၏ လုပ်ငန်းကို ခရစ်တော်အတွက် ဖေါ်ပြနိုင်ရန် စင်မြင့်အဖြစ် အသုံးပြုပါ။
- ➢ တတိယအချက် - ဆယ်ဖို့တဖို့ကို သစ္စာရှိစွာ ပြန်လည်ပေးဆပ်ပါ။ ဤနည်းအားဖြင့် ဘုရားရှင်ကို ဝတ်ပြုကိုးကွယ်မှုပြုပါ။
- ➢ စတုတ္ထ - ဘုရားရှင်နှင့်တွဲဖက်၍ ဘုရားရှင် သင့်အား ကောင်းကြီးသွန်းလောင်းတော်မူသည်နှင့်အညီ စွမ်းစွမ်းတမံပေးလှူမှုကို ပြုလုပ်ပါ။ ပေးကမ်းခြင်းတွင် ဘုရားရှင်ကောင်းကြီးခံစားရသည်နှင့်အညီ တိုးပွားများပြားစွာပေးပါ။ ရက်ရောစွာပေးကမ်းခြင်းဖြင့် ဘုရားရှင်၏ စိတ်ဓာတ်ကို အားရစေတော်မူပါ။
- ➢ ပဥ္စမ၊ - ဥစ္စာ ဓန တည်ဆောက်သူတစ်ဦးဖြစ်ရန်ထက် ဘုရားရှင်၏ နိုင်ငံတော်တည်ဆောက်သူတစ်ဦးဖြစ်စေရန် သင်၏ ပန်းတိုးတိုင်ကိုထားရှိပါ။

***တောင်းဆိုချက်*** - သင်သည် အသင်းတော်၌ အထူးလုပ်ငန်းလုပ်ဆောင်ရန် ဘုရားရှင်
စီမံထားပါသည်။ သင်၏ စွမ်းရည်အားဖြင့် ဘုန်းတော်ကို တောက်ပစေပါ။ သင်ပါဝင်ခြင်းဖြင့်ထူးခြားမှု ဖြစ်စေပါလိမ့်မည်။ သင်၏အခန်းကဏ္ဍအတွက်စဉ်းစားပြီးပေးလှူပါ။

-----o-----

## ***၁၈ ပတ်မြောက် ဥပုသ်***
## ***မေလ (၁) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း၊ အသင်းတော်ရံပုံငွေ***

"ကိုယ်အဆွေအဖို့အလို့ငှါ ကိုယ်အသက်ကို စွန့်ခြင်း မေတ္တာထက်သာ၍ မြတ်သော မေတ္တာသည် အဘယ်သူ၌မျှမရှိ။" (ယောဟန် ၁၅း၁၃)။

"သူတပါးကိုငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြံသည်သာမက၊ ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှါ အပ်သော်လည်း မေတ္တာမရှိလျှင် အကျိုးမရှိ။" (၁ကော ၁၃း၃)

"ဧဝံဂေလိ လုပ်ငန်းတွင် အဓိကအချက်ဖြစ်မှာ ချစ်တတ်၍ ချစ်စရာကောင်းသော ခရစ်ယာန် ဖြစ်ခြင်းသည် အလွန်အရေးကြီးပါသည်။" (MH 470;1)

ဘုရားရှင်သည် ချစ်ခြင်းမေတ္တာဖြစ်သကဲ့သို့ အသက်တာသည်လည်း ချစ်ခြင်းမေတ္တာနှင့်ပတ်သက်နေပါသည်။ ဘုရားကိုချစ်ခြင်းနှင့် ကိုယ့်အိမ်နီးနားခြင်းကို ချစ်ခြင်းသည် ပညာ၏ အချုပ်အခြာပင် ဖြစ်သည်။ အသက်တာတွင် ဘုရားရှင် ကျွန်ုပ်တို့အား အထူးသင်ကြားပေးထားသော အရာမှာ ချစ်တတ်ခြင်းပင်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်၏ အကြီးမားဆုံးသော လက်ဆောင်သည် မေတ္တာပင်ဖြစ်ပါသည်။ တစ်ဦးတစ်ယောက်ကို ချစ်လျှင် ထိုသူအတွက် မိမိရှိ အရာအားလုံး၊ ဆန္ဒအပါအဝင် ပေးလိုက်ခြင်းမျိုးဖြစ်သည်။ 'ရစ်ဝါးရင်းက' မေတ္တာကို ပေါ်လွင်စေသောအရာမှာ ထိုသူအတွက် အချိန်ပေးခြင်းဖြစ်သည်ဟု ဆိုထားပါသည်။

"အရေးကြီးသော အလုပ်တခုဆိုရာ၌ ထိုအလုပ်အတွက် ကျွန်ုပ်တို့ မည်မျှအချိန်ပေး၍ ဦးစားပေး လုပ်ဆောင်ခြင်းဆိုသည့် အချက်ပေါ်တွင်မူတည်ပါသည်။ အကယ်၍ တဦးတစ်ယောက်သည် မည်သည့်အရာကို ဦးစားပေးသူဖြစ်ကြောင်း သိလိုပါက ထိုသူ၏ အချိန်ပေးမှုကို ကြည့်ပြီး ပြောနိုင်ပါသည်။ အချိန်သည် သင်၏ တန်ဘိုးအရှိဆုံး ဆုလာဘ်ပင်ဖြစ်ပါသည်။ ငွေကို ရှာဖွေလုပ်ဆောင်၍ ရသော်လည်း အချိန်ကို ရှာဖွေ ထိန်းသိမ်း၍ မရနိုင်ပါ။ တဦးတစ်ယောက်အတွက် အချိန်ပေးခြင်းသည် သင်၏ အကြီးမားဆုံးသော လက်ဆောင်ကို ပေးခြင်းပင်ဖြစ်ပါသည်။"



***တောင်းဆိုချက်*** - ယနေ့ပေးလှူခြင်းသည်လည်း ဘုရားကို ချစ်၍ သူတပါးကို ချစ်ကာ မေတ္တာကို ဖေါ်ဆောင်ကြပါစို့။

-----o-----

## ***၁၉ ပတ်မြောက် ဥပုသ်***
## ***မေလ (၈) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - သဘာဝဘေးအန္တရာယ်ဆိုင်ရာ အလှူငွေ***

ဘုရားရှင်သည် မိမိ၏ သားသမီး အယောက်တိုင်းအတွက် ဂရုပြုတော်မူပါသည်။ အာဒရာလုပ်ငန်းသည် ကမ္ဘာ တဝှမ်းရှိ သန်းပေါင်းများစွာသော ဘုရားရှင်၏ သားသမီးများအတွက် အကျိုးဆောင်နေပါသည်။ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးခံယူချက်နှင့် အသက်အပိုင်းအခြား ခွဲခြားခြင်းမရှိပါ။ တကယ့် ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်ဆောင်နေသော အာဒရာအဖွဲ့အစည်းအား ကျေးဇူးတင်ရပါသည်။ လက်နက်ကိုင်တို့၏ ပစ်ခတ်မှုကြောင့်လည်းကောင်း၊ ရာသီဥတုဖေါက်ပြန်မှုကြောင့်၄င်း၊ ရောဂါကပ်ဆိုးကြောင့်၄င်း၊ သဘာဝဘေးဒဏ်ကြောင့်၄င်း၊ ဒုက္ခရောက်နေသောသူများအတွက် အနာဂတ်လှပစေရန် အာဒရာမှ လုပ်ဆောင်ပေးလျှက်ရှိပါသည်။

သင်သည် အာဒရာလုပ်ငန်းအတွက် ထောက်ပံ့ခြင်းအားဖြင့် အမှောင်တွင်းရှိသူများကို အလင်းပေးနိုင်ကာ၊ မျှော်လင့်ခြင်းကင်းသောသူများအတွက် မျှော်လင့်ချက်ရောင်ခြည်ကိုဆောင်ကျဉ်းနိုင်စေပါသည်။ သင်၏ ပေးကမ်းခြင်းအားဖြင့် အာဒရာသည် ထိရောက်စွာအလုပ်လုပ်နိုင်စေရန် အထောက်အကူပေးရာရောက်ပါသည်။ သင်၏ လှူဒါန်းခြင်းဖြင့် ဘုရားရှင်ကို ချစ်သောသူများအတွက် အစားအသောက်နှင့် ဆေးဝါးထောက်ပံ့မှုကို တိုးတက်လုပ်ဆောင်စေနိုင်ပါလိမ့်မည်။ အာဒရာသည် သင့်ကိုယ်စား ထိုသို့လုပ်ဆောင်ပေးလျှက်ရှိပါသည်။

***တောင်းဆိုချက် -*** ယနေ့ ကျွန်ုပ်တို့သည် ဂရုဏာ၏ ကိုယ်စားလှယ်တော်များအဖြစ် အခွင့်အရေး ရနေပါပြီ။ ဆာလံဆရာက ဆာလံ ၇၂း၄ တွင် "ထိုဟင်းသည် ကိုယ်တော်၏ လူတို့ ဒုက္ခဆင်းရဲကို ခြေပလျှက် ချို့တဲ့လိုအပ်သူတို့၏ သားသမီးများကို ကယ်၍" - ဟူ၍ ဖေါ်ပြထားပါသည်။ သင်၏ ရက်ရောစွာ လှူဒါန်းမှုကြောင့် အာဒရာ လုပ်ငန်းသည် အသက်များစွာကို ကယ်ဆယ်ခဲ့သည့်အပြင် ရေတိုရေရှည် ကယ်ဆယ်ရေးလုပ်ငန်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လူတို့၏ လိုအပ်မှုကို ဖြည့်ဆည်းပေးခဲ့ပါသည်။ သင်၏ လှူဒါန်းမှုကြောင့် အာဒရာ လုပ်ငန်းဖြင့် ဘုရားရှင်၏မေတ္တာကို ထိုဒုက္ခသည်အပေါင်းတို့သည် ခံစားကြရပေလိမ့်မည်။

-----o-----

## ***၂၀ ပတ်မြောက် ဥပုသ်***

### မေလ (၁၅) ရက်၊ ၂၀၁၀ ခုနှစ်
### အလှူငွေ - အသင်းတော်ရုံပုံငွေ

ဘုရားရှင်၏ ပေးကမ်းခြင်းအပေါ် ယုံကြည်ချက်ပြည့်ဝသော ဂျော့မူးလာ၏ ယုံကြည်ချက်သည် တကယ့် အံ့ဘွယ်ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံ ဘရစ်စတို အရပ်တွင် မိဘမဲ့ဂေဟာကိုစတင်တည်ထောင်စဉ် မိမိ၌ မည်သည့်အရာမျှမရှိဘဲ စတင်လုပ်ဆောင်ခဲ့သည်။ သူ၌ရှိသောအရာမှာ ဘုရားရှင်အပေါ် ယုံကြည်ခြင်းသာဖြစ်ပါသည်။ ဘုရားရှင်သည် သူ၏ သားသမီးများအတွက် လိုအပ်မှု ဟူသမျှကို မပေးဘဲမနေခဲ့ပါ။ ဆုတောင်းချက်တိုင်းအတွက် အဖြေပေးနေမည် ဟူသည့် အချက်ပင်ဖြစ်ပါသည်။

လိုအပ်သောအရာကို ဘုရားပေးမည်ဟူသော ယုံကြည်ချက်ဖြင့် ဂျော့မူးလာသည် မြေကွက်အတွက် ဆုတောင်းခဲ့ရာ၊ လိုအပ်သော မြေကွက်ကို ဘုရားရှင် ပေးခဲ့ပါသည်။ တဖန် ဆောက်လုပ်ရေးအတွက် တောင်းခံခဲ့ရာ လိုအပ်သော ငွေကြေးကို ရရှိခဲ့ပါသည်။ ဤသို့ဖြင့် မူးလာ၏ ဂေဟာ၌ မိဘမဲ့ပေါင်း တစ်ထောင်အထိ တိုးလာခဲ့ပါသည်။

နေ့စဉ် မိဘမဲ့တို့၏ စားဝတ်နေရေး၊ လိုအပ်မှုသည် အလွန်ပင် တာဝန်ကြီးလှပါသည်။ ဤလိုအပ်မှုအတွက် မူးလာသည် မည်သည့်အခါမျှ မိတ်ဆွေများထံ မတောင်းခံခဲ့ပါ။ ဘုရားရှင်ကို ပြောပြခဲ့သည့်အတွက် ဘုရားရှင်၏ အစီအစဉ်ဖြင့် အလှူရှင်များ ပေါ်ပေါက်ကာ လိုအပ်မှုဟူသမျှကို ဖြည့်ဆည်းပေးခဲ့ပါသည်။ မူးလာအတွက် ဘုရားရှင်၏အစီအစဉ်သည်လည်း အံ့ဘွယ် စိတ်ဝင်စားစရာ ကောင်းလှပါသည်။

မူးလာသည် မိဘမဲ့ဂေဟာ သာသနာ့လုပ်ငန်းမှာ ၄င်း၏ ဒုတိယအဆင့် သာသနာ့လုပ်ငန်းသာ ဖြစ်ကြောင်း ပြောပြခဲ့ပါသည်။ ၄င်း၏ ပထမ ဦးစားပေး သာသနာ့လုပ်ငန်းမှာယုံကြည်ခြင်းမရှိသော ခေတ်၌ ရှိသောသူများအတွက် ဘုရားရှင်သည် ကျွန်ုပ်တို့၏ လိုအပ်မှုအတွက် ဆုတောင်းချက်ကို ဘုရားရှင် အ စဉ်နားညောင်း ဖြည့်ဆည်းပေးခဲ့သည်ကို လက်တွေ့ပြသခြင်းပင် ဖြစ်သည်ဟု သူက ဝန်ခံခဲ့ပါသည်။ ဤယုံကြည်ခြင်းသည် တကယ့်အံ့ဘွယ်ယုံကြည်ခြင်း မဟုတ်ပါလား ။

***တောင်းဆိုချက်*** - နောက်ဆုံးခေတ်ကာလတွင် နေထိုင်သောသူများအတွက် ယေရှုက "လူသားသည် ကြွလာတော်မူသောအခါ လောက၌ ယုံကြည်ခြင်းကို တွေ့နိုင်မည်လား" ဟုမေးသောအခါ "တွေ့နိုင်ပါသည်" ဟုဖြေကြားလျှက် အမှုတော်အတွက် အလှူငွေများကို ရက်ရောစွာ ထည့်ဝင်ကြပါစို့။

-----၀-----

### ၂၁ ပတ်မြောက် ဥပုသ်
### မေလ (၂၂) ရက်၊ ၂၀၁၀ ခုနှစ်



### အလှူငွေ - ကွန်ဖရင့်/ယူနီယံ

ထာဝရ အလင်းရောင်ခြည်သန်းတော့မည့် အချိန် နီးလာသည်နှင့်အမျှ အမှောင်ထုကို အုပ်စိုးသူ စာတန်သည် အသင်းတော်ကို အစွမ်းကုန် ဖျက်ဆီးရန် ကြိုးစားနေပါသည်။

"စာတန်နှင့်သူ၏ တမန်များတို့သည် တိုင်ပင်နေကြသည်ကို ကျွန်ုပ်တွေ့ရပါသည်။ ဘုရား ရှင်ကြွလာခြင်းကို မျှော်လင့်နေကြသူများနှင့် ပညတ်တော်ကို စောင့်ရှောက်သောသူများ အတွက် ထောင်ချောက်များကို ဆင်ထားရန် စာတန်ကသူ၏ တမန်များကိုခိုင်းစေ နေပါသည်။ ထိုသူတို့သည် ကျွန်ုပ်တို့မုန်းသော ဥပုသ်နေ့ကိုစောင့်ထိန်းသူများဖြစ်သည် ဟုပြောပါသည်။ သူတို့သည် ကျွန်ုပ်တို့ကို ဆက်လက်ဆန့်ကျင်ကြပြီးကျွန်ုပ်တို့၏ လူများကိုလှည့်ဖြားကာ ဘုရားရှင်၏ပညတ်တော်များကို မုန်းတည်းရန်ပြုလုပ်ကြ ပါသည်။" (မမဝှိုက် - ဝိညာဉ်တော် ဆုကျေးဇူးအတွဲ VI စာမျက်နှာ ၁၇၉-၁၈၀)

မြေရှင်များနှင့် ငွေကြေးကြွယ်ဝသူများထံသွား၍ ဥစ္စာပစ္စည်းများ၌သာ အာရုံစူးစိုက်လာအောင်သွေးဆောင်ပါ။ ထိုပစ္စည်းများအပေါ် သူတို့ အာရုံစူးစိုက်အောင်ပြုလုပ်နိုင်လျှင် ထိုသူတို့ကို ငါတို့ပိုင်သွားပါပြီ။ ခရစ်တော်၏ နိုင်ငံတော်တိုးတက်မှုနှင့်ကျွန်ုပ်တို့မုန်းသောသတင်းစကားဖြန့်ချီရေးထက် ငွေကြေး အပေါ်၌ အာရုံစိုက်လာရန်၊ စိတ်အလိုလိုက်မှုများ၊ များပြားလာရန်ပြုလုပ်ကြပါ။ လောကီရေးရာတွင် အာရုံစူးစိုက်ကြပါစေ။ လုပ်နိုင်သမျှနည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ကြပါစို့။ သူတို့၏ ပိုင်ဆိုင်မှုများပြားလာလေ၊ ဘုရားရှင်၏ နိုင်ငံတော်ကို မေ့ပျောက်လာလေဖြစ်အောင် လုပ်ကြပါစို့။ (ဝိညာဉ်တော်ဆုကျေးဇူး အတွဲ VI စာမျက်နှာ ၁၇၉-၁၈၀)

***တောင်းဆိုချက်*** - ယနေ့ ပေးလှူနေစဉ် ဝိညာဉ်တော် လမ်းပြမှုကို ခံယူနိုင်ရန် ဆုတောင်း ကြပါစို့။

-----၀-----

### ၂၂ ပတ်မြောက် ဥပုသ်
### မေလ (၂၉) ရက်၊ ၂၀၁၀ ခုနှစ်
### အလှူငွေ - အသင်းတော်ရုံပုံငွေ

"ငါတို့ မုန်းသော အမှန်တရားကိုဖြန့်ချီမှုနှင့် ခရစ်တော်၏ နိုင်ငံတော် တည်ဆောက်ရေးအောင်မြင်မှုထက် ငွေကြေးကိုသာ အာရုံစူးစိုက်ကြစေရန် သွေးဆောင်ကြပါစို့" (စာတန်၏ပြောဆိုမှု - (ဝိညာဉ်တော် ဆုကျေးဇူး အတွဲ ငါး ၊ စာမျက်နှာ ၁၇၉)

ကျွန်ုပ်တို့၏ ငွေကြေးကို စာတန်သည် ထိန်းချုပ်နိုင်လျှင် ကျွန်ုပ်တို့ ဘာသာရေးတွေး

ခေါ်မှု၏ တိကျမှန်ကန်မှု၊ ကျွန်ုပ်တို့၏ အားထုတ်မှုနှင့် သာသနာပြုမှုတို့ကို စာတန်သည် အံ့အားသင့်စေမည် မဟုတ်သလို မျက်တောင်ပင်ခတ်လောက်အောင် မတုန်လှုပ်ပါ။

ထို့ကြောင့် အောက်ပါအချက်များဖြင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကို ပြန်လည်၍မေးခွန်း ထုတ်သင့်ပါသည်။

- ➤ကျွန်ုပ်သည် မည်သည့်အရာကို အထူးအရေးပေးနေပါသနည်း။
- ➤ကျွန်ုပ်၏အသက်တာ၌ အရေးအကြီးဆုံးအရာဟာ - ဘာလဲ။
- ➤မည်သည့်အရာသည် ကျွန်ုပ်၏ အတွေးအာရုံကို ချုပ်ကိုင်ထားသလဲ -
- ➤မည်သည့်အရာအတွက် စိတ်အလှုပ်ရှားဆုံးနည်း -- ကျွန်ုပ်၏ လုပ်ငန်းအောင်မြင်ခြင်း၊ ကျွန်ုပ်၏ ဝင်ငွေတိုးတက်မှု၊ (သို့မဟုတ်) ဘုရားရှင်၏ နိုင်ငံတော်တိုးတက်မှု။

ကျွန်ုပ်တို့သည် ဘုရားရှင်၏ နိုင်ငံတော်တိုးတက်မှုမှာ အရေးကြီးဆုံးဖြစ်သည်ဟု ပြောကြပေလိမ့်မည်။ သို့ဖြစ်လျှင် ဤမေးခွန်းကို ဆက်၍ဖြေကြည့်ပါ။ “ကျွန်ုပ်သည် ငွေနှင့်ပတ်သက်ပြီး မည်သို့ အသုံးပြုသနည်း”။ ဆရာကြီး ဘီလီ ဂရေဟန်က ဤသို့ပြောခဲ့ပါသည်။ “ငွေကြေး သုံးစွဲမှု စာရင်းဇယားသည် ကျွန်ုပ်၏ ဘာသာရေး ယုံကြည်မှုအထောက်အထားဖြစ်ပါသည်။ ၎င်းစာအုပ်သည် ကျွန်ုပ် မည်ကဲ့သို့သောသူဖြစ်ခြင်းနှင့် မည်သည့်အရာကို ကိုးကွယ်ကြောင်းကို မီးမောင်းထိုးပြနေပါသည်။”

***တောင်းဆိုချက်*** - ကျွန်ုပ်တို့သည် တရားဟောနိုင်ကြသည်။ သီချင်းဆိုနိုင်ကြသည်။ နိမိတ်များကိုပင်ပြပြီး ကျွန်ုပ်၌ ရှိသောအရည်အချင်းအားဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ကြသော်လည်း ကျွန်ုပ်တို့၏ ငွေကြေးကို ဘုရား၏ အလိုတော်အတိုင်း အသုံးမပြုသေးလျှင် - စာတန်၏ လက်အောက်၌ပင် ကျွန်ုပ်တို့ရှိနေသေးကြောင်း သူ၏ချုပ်နှောင်မှုကိုခံစားရဆဲပင်ရှိပါသေးသည်။

-----o-----

***၂၃ ပတ်မြောက် ဥပုသ်***
***ဇွန်လ (၅) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

”လောကကြီးကို လှုပပြီး ဆွဲဆောင်မှုရှိသော အလင်းရောင်များဖြင့် ဆွဲဆောင်ကြပါစို့။ ဤသို့ဖြင့် လောကသားတို့သည် လောကအရာများကို နှစ်သက်စွဲလန်းကြပေမည်။ ကျွန်ုပ်တို့သည် နည်းမျိုးစုံဖြင့် သွေးဆောင်ကြရလိမ့်မည်။ ဆွဲဆောင်မှု များလေလေ လူတို့သည် လောကအရာကိုသာ စွဲလန်းပြီး ငါတို့၏ လူများဖြစ်ကြပါစေ။” (စာတန် ဝိညာဉ်ဆုကျေးဇူးအတွဲ VI စာမျက်နှာ ၁၈၀)



မျှော်လင့်ခြင်း အသင်းတော်အသိုင်းအဝိုင်းတွင် ငွေမရှိဘူး၊ ငွေမရှိဘူး ဆိုသောဝေါဟာရသည် လူသိများသော စကားရပ်ဖြစ်နေပါသည်။ တကိုယ်ကောင်းဆန်ခြင်းနှင့် တပ်မက်ခြင်းဟူသည့်စာတန်သည် ဘုရားရှင်သားသမီးတို့၏ စိတ်အတွင်းတွင်ဝင်ရောက်စေပြီး ဘုရားရှင်၏ ကောင်းကြီးမင်္ဂလာ ဘဏ္ဍာတိုက်ကို ခန်းခြောက်စေရန် ပြုလုပ်နေပါသည်။ စာတန်၏ နည်းဗျူဟာမှာ အသင်းတော်၌ဆင်းရဲစေခြင်းဖြင့်စာတန်၏ နိုင်ငံကို မတိုက်ခိုက်နိုင်ရန် ဖြစ်ပါသည်။

ရှင်ပေတရု၏ နည်းလမ်းမှာ ရွှေငွေ မရှိဘဲ ရှိသည့်အရာဖြင့် သာသနာလုပ်ငန်းကိုတိုးတက်စေနိုင်ပါသနည်း။ ဧဝံဂေလိ လုပ်ငန်းအတွက် ဘုရားရှင်သည် မိမိနှင့်ပူးပေါင်းလုပ်ဆောင်၍ ကျွန်ုပ်တို့၏ ဆန္ဒများကို ကိုယ်တော်၌ အပ်နှံပြီး ၊ ကျွန်ုပ်တို့၏ ငွေအရင်းအမြစ်ကို ကိုယ်တော်အား အပ်နှံလျှင် ဘုရားရှင်မှ တန်ခိုးကိုပေးပါလိမ့်မည်။

***တောင်းဆိုချက် -*** ယနေ့ အလှူတော်ငွေကို ပေးလှူရာတွင်ရှေးက္ကသရေလများကဲ့သို့ သန့်ရှင်းရာဌာနတော်ဆောက်လုပ်ရန် ရက်ရောစွာပေးလှူကြပါစို့။ -

-----o-----

***၂၄ ပတ်မြောက် ဥပုသ်***
***ဇွန်လ (၁၂) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ဒေဝီဇံ***

တရားဟောဆရာ အမှုဆောင်များကို စိတ်ပျက်အောင်နှင့်စိတ်ဓာတ်ကျဆင်းအောင် ပြုလုပ်ကြပါစို့။ လုပ်ရမည့်အလုပ်ကို မလုပ်ဆောင်နိုင်စေရန် အကြောင်းပြချက်ကိုသာ ပြောဆိုတတ်သူဖြစ်အောင် သွေးဆောင်ကြစို့။ ဖြစ်နိုင်လျှင် ထိုသူတို့၏ ငွေ၊ကြေးကိစ္စကိုထိန်းချုပ်ကြစို့။ ငွေကြေး လိုအပ်မှုရှိစေပြီး စိတ်အားငယ်အောင် ပြုလုပ်ကြပါစို့။ ထိုသို့လုပ်လျှင် သူတို့သည် စိတ်ဓာတ်ထက်သန်မှုလျော့နည်းသွားပြီး စိတ်ဓာတ်လည်း ပျက်စီးသွားလိမ့်မည်။ (စာတန် - ဝိညာဉ် ဆုကျေးဇူး VI စာမျက်နှာ ၁၈၀)

စာတန်သည် ငွေ၊ကြေး ပြဿနာကို ထိန်းချုပ်ထားလျှင် ဘဏ္ဍာတိုက်သည်လည်း ခန်းခြောက်လျော့နည်းသွားပေလိမ့်မည်။ ဤသို့ ဘဏ္ဍာတိုက်ခန်းခြောက်လျှင် ဧဝံဂေလိ အမှုဆောင်တို့အတွက် လိုအပ်သော ရံပုံငွေလည်း မလုံလောက်တော့ပါ။ အမှုဆောင်တစ်ဦးသည် ဆင်းရဲကြပ်တည်းမှုရှိလာပြီး စိတ်ပျက်လာလျှင် အမှုတော်အတွက် အဆင့်မြင့်သော ဝိညာဉ်ရေးလုပ်ငန်းကို လုပ်နိုင်တော့မည်မဟုတ်ပါ။

က္ကသရေလတို့၏ သမိုင်းကိုပြန်ကြည့်လျှင် ဝမ်းနည်းစရာအဖြစ်ကို တွေ့နိုင်ပါသည်။ လေဝိသားတို့အား ဂရုစိုက်သူများ မရှိတော့သောအခါ ဘုရားရှင်၏ အမှုတော်ကိုပြစ်

ထားပြီး မိသားစု၏ စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား လာကြပါတော့သည်။ ယေရှုရှင်ကလည်း သခင်နှစ်ဦး၏ အစေကို မခံနိုင်ကြောင်းသတိပေးထားပါသည်။ တရားဟောဆရာများသည် ဘုရားရှင်အတွက် အချိန်ပြည့် အလုပ်လုပ်ပြီး တဖက်၌လည်းမိမိ၏မိသားစု စားဝတ်နေရေးအတွက် လုပ်ဆောင်ရန်မဖြစ်နိုင်ပါ။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူရာတွင် ဆယ်ဖို့တဖို့ကိုလဲ ပြည့်ပြည့်ဝဝတိတိကျကျ
ပေးလှူကြပါစို့။ - ဤသို့ဖြင့် ဘဏ္ဍာတော်တိုက်ကို ဖြည့်ဆီး၍ ဘုရားရှင်အမှုတော်ဆောင်များ၏လိုအပ်မှုကို လုပ်ဆောင်ပေးကြပါစို့ --

## ***၂၅ ပတ်မြောက် ဥပုသ်***
## ***ဇွန်လ (၁၉) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - အသင်းတော်ရံပုံငွေ***

'ငွေကြေးရှိသူတို့သည် ဖြစ်နိုင်ခြေရှိသော အကြောင်းပြချက်အမျိုးမျိုးကို ပြောဆိုကြပါသည်။ ငွေကြေးများကိုလည်း မိမိတို့အတွက်သာ ထိန်းသိမ်းကြပါစေ။' ( ရန်သူ-ဝိဉာဉ်ရေးဆုကျေးဇူး VI စာမျက်နှာ ၁၈၀)

အကြောင်းပြချက်များသည် အာဒံနှင့်ဧဝသက်တမ်းတမျှ များပြားနေပါသည်။ ရှောလုမင်းကဲ့သို့ နားမထောင်မှုကို အကြောင်းပြခြင်းဖြင့် ဖုံးကွယ်ခဲ့ပါသည်။ ဘုရားရှင်၏မိန့်တော်မူချက်များကို ကျွန်ုပ်တို့သည် အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်တတ်ကြပေသည်။ အောက်ဖော်ပြပါ ဖြစ်နိုင်ချေရှိသည့် အကြောင်းပြချက်များကို သင်ကြားဘူးပါသလား-

- ➢ ကျွန်ုပ်မှာ ဆင်းရဲ၍မပေးနိုင်ပါ။ ဘုရားရှင်သည် နားလည်ပြီးခွင့်လွှတ်မှာပါ။
- ➢ သူဌေးတွေက အသင်းတော်ကို ထောက်ပံ့ကြမှာပါ။ ငါ့မှာတော့ငွေမရှိဘူး။
- ➢ ကျွန်ုပ်သည် ဝင်ငွေနည်းသည့်အတွက် ပေးလိုက်လျှင် မည်သို့စားရတော့မည်နည်း-
- ➢ အကြွေးကင်းလျှင် ဆယ်ဖို့တဖို့နှင့်အလှူငွေကိုပေးပါမည်။
- ➢ အမှုဆောင်များသည် ငွေကြေးများကို အလွဲသုံးစားလုပ်နေကြပါသည်။ ထို့ကြောင့် ကျွန်ုပ်မပေးချင်ပါ။
- ➢ အသင်းတော်ကို ပေးရန် ကျွန်ုပ်မှာငွေမရှိပါ။ ဒီထက်အရေးကြီးသောကိစ္စ အတွက်ဆိုလျှင် ပေးပါမည်။
- ➢ ယခုကျွန်ုပ်ဆင်းရဲနေပါသည်။ သင်းအုပ်ဆရာမှာ ဇိမ်ကျကျနေထိုင်နိုင်သည့်အတွက် လုံးဝ မပေးနိုင်ပါ။

ထိုအကြောင်းပြချက်များသည် ငါ၊ငါ၊ငါ ကိုဗဟိုပြုပြီး ထွက်ပေါ်လာသော အကြောင်း



ပြချက်များသာဖြစ်ပါသည်။

***တောင်းဆိုချက်*** - ခရစ်တော်လက်ဝါးကပ်တိုင်ပေါ်၌အသေခံခြင်းအားဖြင့်ကျွန်ုပ်တို့၏ အကြောင်းပြချက်ကိုအဆုံးသတ်ကြပါစို့။ကိုယ်တော်ကိုမျှော်ကြည့်၍ပေးလှူကြပါစို့ ။

-----o-----

## ***၂၆ ပတ်မြောက် ဥပုသ်***
## ***ဇွန် (၂၆) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

ရှင်ပေါလုသည် ဤသို့အကြံပေးထားပါသည်။ "လူတိုင်း၊ ကိုယ်အလိုအလျောက်လှူရ၏။ နှမြောသောစိတ်နှင့်မလှူရ။ မလှူဘဲမနေရဟုစိတ်အထင်နှင့်မလှူရ။ အကြောင်းမူကား၊ စေတနာစိတ်နှင့်လှူသောသူကို ဘုရားသခင်နှစ်သက်တော်မူ၏။"(၂ကော ၉း၇)

နှလုံးသားမှ ဖြစ်ပေါ်လာသော စိတ်နှင့်ပေးလှူခြင်းကြောင့် ဘုရားရှင်၏ နှလုံးတော်သည် ရွှင်မြူးလျက်ရှိပါသည်။ နှိုင်းဆ၍မရသော ခရစ်တော်ရှင်၏ ပေးကမ်းမှုသည် ပဲ့တင်ထပ်စေသောအရာဖြစ်၍ ဘုရားရှင်၏ စိတ်တော်ကို တွေ့ထိစေပါသည်။

စေတနာမပါသော ပေးလှူခြင်းသည် အကျိုးမရှိပါ။ ကယ်တင်ခြင်းကို ဘုရားရှင်ထံမှ ဝယ်ယူခြင်းနှင့်တူနေပါသည်။ ကယ်တင်ခြင်းကို ဝယ်၍မရပါ။ ဘုရားရှင်ကို လာဘ်ထိုးခြင်းသာဖြစ်ပါသည်။ ဘုရားရှင်ကို လာလ်ထိုး၍မရပါ။ ဤသို့ဖြင့် ကောင်းကြီးမင်္ဂလာလည်းရမည်မဟုတ်ပါ။ ဆယ်ဖို့တဖို့ပေးကမ်းခြင်းသည်ဆိုသည်မှာဘုရားရှင်အပေါ် သစ္စာစောင့်ထိန်းခြင်းကိုပြသပြီး ။ အလှူငွေပေးခြင်းမှာ ဘုရားရှင်အားချစ်ကြောင်း ပြသရာရောက်ပါသည်။

***တောင်းဆိုချက်*** - ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းကိုကြည့်မြင်ပြီးပေးလှူကြပါစို့။ - ခရစ်တော်သည် ကျွန်ုပ်တို့ကို မည်မျှချစ်တော်မူသနည်း။ ကျွန်ုပ်တို့သူ့အပေါ် မည်မျှသစ္စာစောင့်သိပါသနည်း။

-----o-----

## ***၂၇ ပတ်မြောက် ဥပုသ်***
## ***ဇွန်လိုင်လ (၃) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

ယေရိခေါမြို့ကို ဣသရေလလူတို့ အောင်နိုင်ခဲ့ပါသည်။ ယေရှု၏ စာရင်း၌ နောက်သိမ်းပိုက်ရမည့်မြို့သည် အာဣမြို့ဖြစ်ပါသည်။ ယေရိခေါကို တိုက်ခိုက်အောင်မြင်ခဲ့၍ မိမိ

ိတို့ကိုယ်ကို ပို၍ယုံကြည်စိတ်ချပြီး အာဣကိုတိုက်ရန် ဘုရားကိုမေးဘို့မလိုဟု ယူဆပြီး ယောရှုသည် မိမိလူတို့အား အာဣမြို့ကိုသိမ်းပိုက်ရန် စေလွှတ်လိုက်ပါသည်။

"ခါးသီးသော ရှုံးနိမ့်မှုအပေါ် စိတ်ရှုပ်ထွေး၍ ယောရှုသည် ဘုရားရှင်အပေါ် မြည်တမ်း
အပြစ်တင်ခဲ့ပါသည်။ ဘုရားရှင်သည် "ငါ့အတွက် ဆက်ကပ်ရမည့်အရာကို သင်တို့ ယူခဲ့ကြပြီး သင်တို့၏ ဥစ္စာနှင့် ရောထွေးစေခဲ့သည်။ ထိုကိစ္စကို မရှင်းလင်းပါက သင်တို့
နှင့်အတူ ငါမနေ၊ ရန်သူတို့ကိုလည်း သင်တို့မအောင်နိုင် ထိုကိစ္စကို ဖေါ်ထုတ်ပါ။" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

အာခန်၏ သစ္စာမရှိမှုကြောင့် ဣသရေလတမျိုးသားလုံးကို ခါးသီးစွာ ပေးဆပ်ခဲ့ကြရပါသည်။ ယနေ့ ခေတ်ကာလတွင် ရှိသောသူများသည် အာခန်၏ အလွဲသုံးစားမှုထက် ပိုဆိုးနေပါသည်။ ဗာဗုလုန် ဝတ်လုံတစ်စုံ၊ ငွေအနည်းငယ်နှင့် ရွှေအချို့အတွက်အလွန် ပြင်းထန်သော ဒါဏ်ခတ်မှုကို ဘုရားရှင်ပြုတော်မူခဲ့ပါသည်။

အသေးအမွှားမှအစ ဘုရားရှင်သည် အလွန် တိကျပါသည်။ နားထောင်ခြင်းသည် အလွန်အရေးကြီးလှပါသည်။ နားမထောင်ခြင်း၏ အကျိုးဆက်ကား ထိတ်လန့်စရာပင်ဖြစ်ပါသည်။ မောရှေသည် ကျောက်ကိုစကားပြောရမည့်အစား ရိုက်ခဲ့ပါသည်။ နာဒဒ်နှင့် အဘိဟုသည် ခွင့်မပြုသောမီးဖြင့်ပူဇော်မှု၊ ဥဇသည်လည်း ပဋိညဉ် သေတ္တာ မကျရန် တွန်းခံမှု စသည်တို့သည် ကျွန်ုပ်တို့ကို သတိပေးလျှက်ရှိပါသည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူသောအခါ ဘုရားရှင်မိန့်တော်မူသည့် အတိုင်း လိုက်လျှောက်ပါက ကောင်းကြီးမင်္ဂလာခံစားရပြီး နားမထောင်ပါက ဒုက္ခရောက်မည်ကို သိရှိထားရန်ဖြစ်ပါသည်။

-----o-----

### ***၂၈ ပတ်မြောက် ဥပုသ်***
### ***ဇွန်လိုင်လ (၁၀) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ကမ္ဘာ့သာသနာလုပ်ငန်း***

သင်တို့၏ ရက်ရောစွာ ပေးလှူသော အလှူငွေအတွက်သော်၄င်း၊ ဆုတောင်းပေးခြင်း နှင့်ကိုယ်တိုင်ပါဝင်မှုအတွက်သော်၄င်း၊ ကျေးဇူးအထူး တင်ရှိပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၂၀၀ ကျော်သို့ မျှော်လင့်ခြင်း အသင်းတော်သည် ယေရှုရှင်၏ မေတ္တာကို မျှဝေနိုင်ခဲ့ပါသည်။ ဆာငတ်ခင်မွတ်သူများကို ကျွေးမွေး၍ ဖျားနာသူများကို ဆေးဝါး ကုသပေးကာ၊ ယေရှု၏ ခြေတော်ရင်းသို့ သူတပါးကို ပို့ဆောင်ပြီး အသင်းတော်အသစ်များတည်ဆောက်ခြင်းနှင့် ယုံကြည်သူအဖွဲ့အစည်း အသစ်များကို နေ့စဉ်နှင့်အမျှ ပြုလုပ်
ပေးလျှက်ရှိပါသည်။ ဤလုပ်ရပ်မှာ လက်တွေ့ လုပ်ငန်းပင် ဖြစ်ပါသည်။

သာသနာလုပ်ငန်း ပွားများလာရန် သင်တို့၏ လှူဒါန်းမှုသည် ရှေ့တန်း သာသနာရုံပုံငွေ စီမံကိန်းများကို ဖေါ်ဆောင်သွားမည် ဖြစ်ပါသည်။ သက္ကရာဇ် ၂၀၀၈ ခုနှစ်တွင် အလှူတော်ငွေ ဒေါ်လာ ၁၀၀၀၀၀၀ ကို နှစ်ကြိမ်ခွဲ၍ ရရှိခဲ့ပါသည်။ သာသနာလုပ်ငန်းအတွက် ကြီးမားသော အမှုကြီးကို လုပ်ဆောင်နိုင်ခဲ့ပါပြီ ---

***တောင်းဆိုချက်*** - တကမ္ဘာလုံးအတွက် ကြီးမားသော စိန်ခေါ်မှုကို မြော်လင့်ခြင်းအသင်းတော်အနေနှင့်ရင်ဆိုင်နေရပါသည်။ သင်၏ ရက်ရောစွာ လှူဒါန်းမှုအတွက် အထူး ကျေးဇူးတင်ရှိပါသည်။

-----o-----

### ***၂၉ ပတ်မြောက် ဥပုသ်***
### ***ဇွန်လိုင်လ (၁၇) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - အသင်းတော်ရုံပုံငွေ***

"ယောရှုက၊ ငါတို့ကို အဘယ်ကြောင့်နှောင့်ယှက်သနည်း။ ယနေ့ ထာဝရဘုရားသည် သင့်ကိုနှောင့်ယှက်တော်မူမည်ဟု ဆိုသဖြင့် ဣသရေလ အမျိုးအားလုံးတို့သည် ကျောက်ခဲနှင့်ပြစ်ကြ၏။ ကျောက်ခဲနှင့်ပြစ်ပြီးမှ မီးရှို့ကြ၏။ သူ့အပေါ်၌ များစွာသော ကျောက်ခဲတို့ကိုပုံထား၍ ယနေ့တိုင်အောင်ရှိ၏။ ထာဝရဘုရားသည်လည်း အမျက်တော်အရှိန်ကိုငြိမ်းစေတော်မူ၏။ ထိုအမှုကို အစွဲပြု၍ ထိုချိုင့်ကို ယနေ့တိုင်အောင် အာခေါ်ချိုင့်ဟု ခေါ်ဝေါ်ကြသတည်း။" (ယောရှု ၇း၂၅-၂၆)

ဣသရေလ လူမျိုးတို့၏ ဆုံးရှုံးခြင်းသည် အာခန်ကြောင့် ဖြစ်ကြောင်း ယောရှုနှင့် ဣသရေလလူတို့ သိကြသောအခါ အာခန်အား ကျောက်ခဲနှင့်ပြစ်သတ်ပြီး မြှုပ်နှံလိုက်ကြပါသည်။ ထိုသို့ပြုပြီးမှ ဘုရားရှင်သည် သူတို့ထံသို့ ပြန်လည်ကြွလာတော်မူသည်။ ကျွန်ုပ်တို့၏ အသက်တာနှင့် အသင်းတော်တွင် အောင်မြင်ခြင်းရရှိရန်မှာ ဘုရားရှင်ထံ ဆက်ကပ်မှုတွင် အလွန်အရေးကြီးပါသည်။

၁။ ကျွန်ုပ်တို့အသီးသီး၌ ရှိသော အာခန်၏စိတ်ဓာတ်မျိုးကို စွန့်ပြစ်လိုက်ရန် အလွန်အရေးကြီးပါသည်။ ကျွန်ုပ်တို့၏ သစ္စာမဲ့မှုကို သိရှိပြီး၊ ကျွန်ုပ်တို့၏ အားနဲမှု တွန့်တိုမှုနှင့် လောဘကြီးမှုတို့အတွက် တောင်းပန်ကြရပေလိမ့်မည်။

၂။ ထိုသို့ တောင်းပန်ယုံဖြင့် မလုံလောက်သေးကြောင်းကို ကျွန်ုပ်တို့ သိရပေမည်။ အတ္တစိတ်ကို အောင်နိုင်သောတန်ခိုးသည်လည်း ကျွန်ုပ်တို့အတွက် အလွန်လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ လောဘစိတ်နှင့် အလိုဆန္ဒကို စွန့်ပြစ်ပြီး ဘုရားရှင်အားတောင်းပန်ရပေလိမ့်မည်။ ထိုသို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်သည် ရောက်ရှိလာပြီး အောင်မြင်မှုအတွက် လိုအပ်သောအရာကို ကူညီမစပေလိမ့်မည်။

၃။ ယေရှုရှင်၏ ကောင်းမြတ်ချိုမြိန်သော ကွာခြားသည့် မေတ္တာတော်နှင့် အချိန်များစွာယူပြီး ဆက်ဆံရပေလိမ့်မည်။ ယေရှုရှင်အကြောင်းကို မျာများတွေးတောပါက ကိုယ်တော်နှင့်တူသောအသက်တာကို ရရှိလာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ တွန့်တိုမှုနှင့်ဥစ္စာပစ္စည်းတက်မက်မှုအစား၊ ရက်ရောခြင်း၊ သဒ္ဒါစိတ်အားထက်သန်ခြင်းတို့ ပေါ်ပေါက်လာပေလိမ့်မည်။

***တောင်းဆိုချက်*** - အာခန်၏ တကိုယ်ကောင်းဆန္ဒကြောင့် အာကာမြို့ကို ဣသရေလလူမျိုးတို့ဆုံးရှုံးခဲ့ရပါသည်။ စိတ်ဓာတ်ပြောင်းလဲပြီး ဘုရားရှင်ပါရှိမှုကြောင့် ဣသရေလလူမျိုးတို့၊ အောင်မြင်မှုကို ရရှိခဲ့ပါသည်။ ကျွန်ုပ်တို့လည်း တွန့်တိုသော စိတ်ဓာတ်ကိုပယ်ရှားပြီး ဘုရားရှင်ထံ စိတ်ပြောင်းလဲကာ ရက်ရောစွာ လှူဒါန်းကြပါစို့။ -

-----o-----

### ***၃၀ ပတ်မြောက် ဥပုသ်***
### ***ဇွန်လိုင်လ (၂၄) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

"ကောင်းမြတ်သောဆရာ၊ ထာဝရ အသက်ရရန် ကျွန်တော် ဘာလုပ်ရမည်နည်း" ဟူသောအမေးသည် ယေရှုရှင်အတွက် အလွန်ချိုမြိန်သော မေးခွန်းဖြစ်ပါသည်။ လူအချို့တို့မှာယာယီ လိုအပ်မှုအတွက်သာ ကိုယ်တော်ကို ရှာဖွေကြသည်။ ယခုတွင်မူထာဝရကိစ္စနှင့်သက်ဆိုင်သော အသက်တာအတွက် အဖြေကို ရှာဖွေတွေ့ရှိပါပြီ။

ယေရှုရှင်၏ ဖြေဆိုမှုကို ကြားပြီးနောက် ထိုသူက ငယ်ရွယ်စဉ်ကပင် ပညတ်တော်များကိုစောင့်ရှောက်ခဲ့ကြောင်း ပြောဆိုပြန်ပါသည်။ ထိုအခါ ထိုသူအား မိမိ၌ရှိသော အရာအားလုံးကိုရောင်း၍ ဆင်းရဲသူ ဆင်းရဲသားများကို ပေးဝေပြီး နောက်တော်သို့လိုက်ရန်ပြောဆိုရာ ထိုသူသည် ဝမ်းနည်းစွာနှင့်ပင် ထွက်ခွာသွားပါတော့သည်။

ဘာကြောင့်၊ ထိုသူ ထွက်ခွာသွားပါသနည်း။ ဘုရားရှင်ထက် မိမိ၏ကြွယ်ဝခြင်းကိုချစ်သောကြောင့်ဖြစ်ပါသည်။ ဘုရားရှင်ထက် မိမိ၏ ကြွယ်ဝမှုကို ကိုးစားသောကြောင့်ဖြစ်ပါသည်။ ယေရှုရှင်က ဤလူငယ်၏ ပြဿနာမှာ ကြွယ်ဝမှုကို ကိုးစားသည့်ပြဿနာသို့မဟုတ် ရှင်ပေါလု စကားအရ၊ တက်မက်မှု ပြဿနာကြောင့်ပင် ဖြစ်ပါသည်။



မမဝိုက်က "ထိုသူငယ်သည် ယေရှုရှင်၏ စကားတော်အတိုင်း ပြုလုပ်ပါက ခရစ်တော်၏တပည့်တော်တစ်ဦးဖြစ်လာယုံသာမက ရှင်ပေါလုကဲ့သို့ တမန်တော်ကြီး ဖြစ်လာပါလိမ့်မည်။ သို့သော် ယေရှုရှင်ကို ငြင်းပယ်ခဲ့သောကြောင့် ကြီးမားသော အခွင့်အရေးကိုဆုံးရှုံးခဲ့ရပါသည်။" ထိုသူသည် ယေရှုရှင်ထက် မိမိ၏ငွေကို ပိုချစ်ခဲ့သောကြောင့်ဖြစ်ပါသည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူစဉ် ယေရှုရှင်သည် ကျွန်ုပ်တို့ ငွေအိပ်၏ အရှင်
သခင်ဖြစ်စေတော်မူပါ။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမကြည့်ဘဲ၊ ကြွယ်ဝမှုကို မတပ်မက်ဘဲ လောကီစည်းစိမ်ကို စွန့်ခွာ၍ ၎င်းအစား ချစ်ဖွယ် ကယ်တင်ရှင်ကို ကြည့်ပြီး လှူဒါန်းကြပါစို့ ။ -

-----o-----

### ***၃၁ ပတ်မြောက် ဥပုသ်***
### ***ဇွန်လိုင်လ (၃၁) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ -အသင်းတော်ရုံပုံငွေ***

**ယုဒ** - ထိုအမည်ကို လူတို့သည် မနှစ်သက်ကြသလို ရွံရှာ၍ အကောင်းမမြင်ကြပေ။ ဘာကြောင့်လဲ - သူ၏ အရှင်သခင်ကို ရောင်းစားခဲ့သောကြောင့် ဖြစ်သည်။ တပည့်တော် ၁၂ ပါးထဲ၌ပါသော ယုဒသည် သခင်၏နောက်တော်သို့ သုံးနှစ်ခွဲလိုက်ခဲ့ပါသည်။ယခုတွင်မိမိအရှင်သခင်ကိုကျေးကျွန်တစ်ယောက်အဖြစ် အသပြာ(၃၀)နှင့်ရောင်းစားခဲ့ပါသည်။

**မမဝိုက်က** - Desire of Ages စာမျက်နှာ ၇၀၄၊၇၀၅ တွင် ဤသို့ဖော်ပြထားပါသည်။ "ယုဒသည် ကိုယ်တော်ရှင်၏ နောက်တော်သို့လိုက်ရာ၌ မိမိကိုယ်ကို မအပ်နှံမဆက်ကပ်ခဲ့ပါ။ လောကီနှင့် ငွေကြေး တက်မက်မှုကိုလည်း မစွန့်လွှတ်ခဲ့ပါ။ ခရစ်တော်၏ အမှုတော်မြတ်အတွက် ရာထူးကို ဆက်ခံသော်လည်း ဘုရားရှင်၏ပုံသွင်းမှုကိုလက်မခံခဲ့ပါ။ နေ့စဉ် ကိုယ်တော်ရှင်ထံမှ သင်ခန်းစာများကို လေ့လာသင်ယူခဲ့ရယုံမက ကိုယ်တော်၏ ကိုယ်ကျိုးစွန့်မှုကို တွေ့ခဲ့ရသော်လဲ၊ လောဘ လွန်ကျူးမှုစိတ်ထားကိုမစွန့်လွှတ်နိုင်ခဲ့ပါ။ လက်ဝယ်ရောက်လာသော ငွေကြေးကြောင့် စုံစမ်းခြင်းကိုလည်း မတွန်းလှန်နိုင်ခဲ့ပါ။ မိမိ၏ ကိုယ်ကျိုးအတွက် ငွေကြေးကို ရယူသုံးစွဲခဲ့သည်။"

ယုဒသည် ငွေကို တက်မက်ခဲ့ပါသည်။ အရာရာထက်ငွေကို ပို၍တန်ဘိုးထားခဲ့ပါသည်။ "အဘယ်သူမျှ သခင်နှစ်ဦးအစေကို မခံနိုင်။ သခင်တစ်ဦးကိုမုန်း၍ တစ်ဦးကို ချစ်ကျပါသည်။ သခင်တစ်ဦးကို မှီခို၍ တဦးကို မခန့်မညားပြုပါလိမ့်မည်။ သင်တို့သည်

ဘုရားသခင်၏ အစေကိုငှင်း၊ လောကီစည်းစိမ်၏ အစေကိုသော်ငှင်း၊ မခံနိုင်ကြပါ။
”

(ရှင်မဿဲ ၆း၂၄) ယုဒသည် သူစိမ်းထဲတွင် ယေရှုရှင်နှင့် ငွေကိုမကိုးကွယ်နိုင်သလို ကျွန်ုပ်တို့လည် ထိုသို့ပြု၍မရပါ။

***တောင်းဆိုချက်*** - ယနေ့တွင် ကျွန်ုပ်တို့သည် ဘုရားရှင်ကို မိမိ၏အရှင်သခင်အဖြစ် ရွေးချယ်ပြီး ဖြစ်ပါသည်။ ယေရှုရှင်နှင့်ငွေဟူသော ပြဿနာရှိခဲ့သော် ယေရှုရှင်ကိုသာ ရွေးချယ်ပြီး အလှူငွေကို ရက်ရောစွာဖြင့် ပေးလှူ ဆက်ကပ်ကြပါစို့ --

-----ဝ-----

**၃၂ ပတ်မြောက် ဥပုသ်**
**`ဩဂုတ်လ (၇) ရက်၊ ၂၀၁၀ ခုနှစ်**
**အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ**

ဘုရားရှင်သည် လောက ကမ္ဘာကိုဖန်ဆင်းစဉ်၊ အရာရာသည် လှပလျှက် ရှိပါသည်။ လူသားများ၏ ကောင်းကျိုးအတွက်နှင့်လူသားတို့၏ ထိန်းချုပ်မှု အောက်တွင်ရှိနေစေရန် ဖန်ဆင်းခဲ့ခြင်းလဲ ဖြစ်ပါသည်။ ဘုရားရှင်၏ ဘဏ္ဍာစိုး စီမံခန့်ခွဲသူအဖြစ်လည်း တည်ရှိခဲ့ပါသည်။ အကယ်၍သာ ဘုရားရှင်၏ မူလ စီမံကိန်း မပျက်စီးခဲ့လျှင် လူသားတို့အတွက်အရာရာသည် ကောင်းကြီး မင်္ဂလာနှင့် ပြည့်ဝနေပေလိမ့်မည်။

“ဘုရားရှင်ကို ကျွန်ုပ်တို့၏ နှလုံးသားမှထွက်ခွာစေပြီး ရုပ်ဝတ္ထု ပစ္စည်းများကို နေရာပေးလာသောအခါ ကျွန်ုပ်တို့အတွက် ဒုက္ခသည် ဝင်ရောက်လာပါတော့သည်။ ကျွန်ုပ်တို့၏ နှလုံးသားတွင် ရုပ်ဝတ္ထုပစ္စည်းမျာ ဝင်ရောက်စိုးမိုးလာသည်နှင့်အမျှ လောဘ တပ်မက်မှုတို့သည်လည်း ပို၍ များပြားလာခဲ့ပါသည်။ ငါဟူသော အတ္တသည် နှလုံးသားတွင်ပထမနေရာယူခဲ့ပါသည်။ ငါဟူသော အတ္တကို အဘယ်အရာကမျှ ဖယ်ရှား၍မရတော့ပါ။ ရုပ်ဝတ္ထုပစ္စည်းသည် အသက်တာအတွက် အဓိက လိုအပ်မှုဖြစ်လာကြသည်။ ဘုရားပေးထားသောအရာ (ရုပ်ဝတ္ထုပစ္စည်း)သည် ဘုရား၏နေရာတွင် အစားထိုးဝင်ရောက်လာပါတော့သည်။”

ဖန်ဆင်းခံရသောအရာသည် ဖန်ဆင်းရှင်ကို ပြစ်ပယ်ခဲ့သည့်အတွက် အလွန်ဝမ်းနည်းစရာကောင်းလှပါသည်။

***တောင်းဆိုချက်*** - ယနေ့ အလှူတော်ငွေကို ထည့်ဝင်စဉ် နှလုံးသားထဲတွင် ဘုရားရှင်အစဉ်စိုးမိုးရန် ဆုတောင်းပြီး ထည့်ဝင်ကြပါစို့။ -

**-----ဝ-----**

***၃၃ ပတ်မြောက် ဥပုသ်***



***`ဩဂုတ်လ (၁၄) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ဒေဝီဇံ***

လူ့ဘဝသည် မသေချာ မရေရာလှပါ။ လူ၏ သဘောသဘာဝသည်လည်း မရေရာမှုနှင့်သာပြည့်ဝလျှက်ရှိပါသည်။ ကျွန်ုပ်တို့သည် ရေရာ၊ သေချာသော အနာဂတ်ကိုလိုချင်ကြပါသည်။ ဘုရားရှင်က ကျွန်ုပ်တို့အား မနက်ဖြန်အတွက် မာနမုန့်ကိုပေးနေသော်လည်း၊ လူတို့သည် ယနေ့ ရနေသော မာနမုန့်ကို ရေခဲသေတ္တာထဲတွင် မနက်ဖြန်အတွက်သိမ်းထားကြပါသည်။ အကြောင်းမှာ လူတို့က မနက်ဖြန် အကယ်၍ ဘုရားရှင်မပေးခဲ့သော် ဟူ၍ တွေးတောချင်းကြောင့်ဖြစ်ပါသည်။

ရန်သူသည် ၎င်း၏ မရေရာမသေချာခြင်းကို လူတို့၏ စိတ်ထဲတွင် စွဲမြဲစေပါသည်။ အနားကပ်၍ တိုးတိုးလေး “မမြင်ရသောဘုရားကိုမေ့ပြီး ဒီငွေကလေးတွေကို သင့်ရဲ့အနာဂတ်အတွက်စုထားပါ ” ဟုပြောနေပါသည်။ ကျဆုံးလျှက်ရှိသော ကျွန်ုပ်တို့၏နှလုံးသားကို စာတန်ကယုတ္တိရှိရှိ ကျိုးကြောင်းညီညွတ်စွာ ပြောနေပါသည်။ သူ၏ ကျိုးကြောင်းလျော်ညီသော အကြံကို လောကီသားတို့လည်း ယုံကြည် လက်ခံကြ ပါသည်။

ငွေအရင်းအနှီး များလာသောအခါ စာတန်က တကယ့်ပါးနပ်စွာဖြင့် ၎င်း၏လူကို သေစေ
နိုင်လောက်သည်အထိ ထပ်မံ၍ စိတ်နှလုံးအတွင်းသို့ သွတ်သွင်းပြန်ပါသည်။ “အနာဂတ်အတွက် ငွေကြေး လုံလောက်မှတော့ ဘုရားကို လိုအပ်သေးသလား၊ ယခု -သင့်အသက်တာအတွက် ကြိုက်သလိုစီမံနေနိုင်ဒါဘဲ ” ဟုမြောက်ပင့် ပြောလာပြန်ပါသည်။ လူအချို့ကလည်း ဝမ်းနည်းစရာပင် စာတန်၏အကြံကို လက်ခံကာ “အရင်းအမြစ်ပြည့်ဝနေပါပြီ - ဘုရားရှင်ရေ -- နှုတ်ဆက်ခဲ့ပါတယ်” ဟူ၍ ပြောသလို ပြုမူလာကြပါသည်။

ဘုရားရှင်ထံမှကျောခိုင်းပြီး ကိုယ့်ကိုကိုယ် အားကိုးလာသောကြောင့် သေခြင်းသို့ဦးတည်လာပါတော့သည်။ အနာဂတ်အတွက် ချမ်းသာကြွယ်ဝခြင်းသည် မည်သည့်အခါမျှ မလုံလောက်တော့ပါ။ ဘဏ်များလည်း ကျဆုံးခဲ့ပါသည်။ စုငွေများလည်း ငွေကြေးတန်ဖိုးလျော့နည်းကာ တန်ဖိုးမဲ့လာပါသည်။ ပိုင်ဆိုင်မှုများကိုလည်း သူခိုးများခိုးယူပြန်ပါသည်။ ရောင်းဝယ် ဖေါက်ကားမှုများလည်း အရှုံးနှင့်ရင်ဆိုင်ရပါသည်။ ဥပဒေများလည်း အပြောင်းအလဲ ပေါ်ပေါက်ပြီး ဥစ္စာပစ္စည်းများ ဆုံးရှုံးရပါသည်။ နိုင်ငံ အစိုးရ အပြောင်းအလဲရှိပြီး ကျွန်ုပ်တို့လည်း သေခြင်းနှင့် ရင်ဆိုင်ကြုံတွေ့ရပေလိမ့်မည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူသောအခါ စာတန်အား ငြင်းပယ်ကြပါစို့။ အစဉ်မပြောင်းလဲသော ဘုရားရှင်အား ခိုလှုံအားကိုးကြပါစို့။ --

-----ဝ-----

***၃၄ ပတ်မြောက် ဥပုသ်***
***ဩဂုတ်လ (၂၁) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - အသင်းတော်ရံပုံငွေ***

"ထိုမှတပါး လောဘလွန်ကျူးခြင်းကို သတိနှင့်ကြည့်ရှောင်ကြလော့။ အကြောင်းမူကား စည်းစိမ် ရှိသော်လည်း၊ စည်းစိမ်၌ အသက်မတည်ဟု မိန့်တော်မူ၏။" (လုကာ ၁၂း၁၅)

သူတပါးသည် ကျွန်ုပ်တို့အား အထင်ကြီးခြင်းကို လူတို့သည် နှစ်သက်ကြပါသည်။ ချမ်းသာကြွယ်ဝခြင်းနှင့် ကိုယ့်ကိုကိုယ် အသိအမှတ်ပြုခြင်းသည် မနာလိုဝန်တိုခြင်းစိတ်ကို
ဖြစ်ပေါ်စေပါသည်။ ဤကျဆုံးသော ကမ္ဘာကြီးသည် သူတပါး စိတ်ဝင်စားခြင်းခံရရန် ငွေသည် အရေးကြီးသော ကဏ္ဍတွင် ရှိနေပါသည်။ ငွေသည်သူတပါး အသိအမှတ်ပြုမှုကို ပေးစွမ်းနိုင်စွမ်းရှိပါသည်။

စဉ်းစားကြည့်ပါ - လူများတို့သည် သင့်အားကဲ့ရဲ့ အထင်သေးနေရာမှ သင်ကြွယ်ဝကြောင်းသိလာသောအခါ သင့်အား ကျော်ကြားသောပုဂ္ဂိုလ်အဖြစ် ပြန်လည်ဆက်ဆံတတ်ပါသည်။ ငွေအားဖြင့် အထက်တန်းကျသော အဝတ်အထည်များ အိမ်နှင့်ကောင်းပေ့ဟူသောကားများကို ဝယ်ယူလာနိုင်ပါသည်။

ကြွယ်ဝချမ်းသာမှုသည် ကျွန်ုပ်တို့အား အရေးကြီးသော ပုဂ္ဂိုလ်အဖြစ် လုပ်ပေးနိုင်ပါသည်။ ဤကြွယ်ဝမှု ပျောက်ဆုံးသွားသော် ချီးမွမ်းထောပနာပြုသော မိတ်ဆွေများလည်းကွယ်ပျောက်သွားကာ ၊ ဝက်စာကိုပင် တောင့်တသော သားထွေးကဲ့သို့ အခြေအနေအထိ ရောက်သွားနိုင်ပါသည်။ ကျွန်ုပ်တို့၏ အသက်တာသည် တကယ့်ကိုပင်မရေရာပါ။ အရိပ်ကဲ့သို့ပင် ဖြစ်ပါသည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူသောအခါ - ကျွန်ုပ်တို့၏ ပန်းတိုင်ကို ဘုရားရှင်ထံ၌ထားရှိကြပါစို့။ လောက ဥစ္စာ ပစ္စည်းအတွက်သာ အသက်မရှင်ဘဲ ဘုရားရှင်အတွက် နိုင်ငံတော်အတွက်သာ ပေးလှူအသက်ရှင်သော သူများဖြစ်ကြပါစို့---

-----o-----

***၃၅ ပတ်မြောက် ဥပုသ်***
***`ဩဂုတ်လ (၂၈) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

ကျွန်ုပ်တို့သည် များသောအားဖြင့် သူတပါးကို ထိန်းချုပ်လိုကြပါသည်။ သူတပါးကို ကျွမ်းကျင်စွာ ထိန်းချုပ်လိုစိတ်သည် အမြစ်တွယ်လျှက်ရှိပါသည်။ သူတပါးကို ထိန်းချုပ်



ခြင်းဖြင့် ဩဇာညောင်းမှုကို လိုလားကြပါသည်။ ဤသို့သော စိတ်ဆန္ဒကြောင့် လူစီဖာသည်စာတန် ဘဝသို့ ရောက်ခဲ့ရပါသည်။ တိုက်လှန်ပွဲကြီးမှာ အာဏာရယူလိုမှုကြောင့် သာဖြစ်ခဲ့ရပါသည်။

အာဏာ မက်မောမှုကို နေရာတိုင်းတွင်တွေ့ရပါသည်။ ဤအာဏာ ရယူလိုမှုကြောင့် လင်နှင့်မယား၊ ယောကျာ်းနှင့်မိန်းမ၊ အသင်းတော်၌သော်၎င်း၊ နိုင်ငံရေးလောက နိုင်ငံတော်အတွင်း ၊ ကမ္ဘာနှင့်တဝှမ်းလူမျိုး တမျိုးနှင့်တမျိုးကြားတွင် ပြဿနာများ ပေါ်ပေါက်
ခဲ့ရပါသည်။ တပည့်တော်များအကြားတွင်ပင် ဤပြဿနာများပေါ်ပေါက်ခဲ့ပါသေးသည်။
(အာဏာတန်ခိုး)သည် လူသားတို့၏ နှလုံးသား၌ ရက်စက်စွာ နေရာယူထားပါသည်။

ရှင်ပေါလုက - "အကြောင်းမူကား ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအပြစ်ဖြစ်သတည်း။" (၁တိ ၆း၁၀) ဟူ၍ ဆိုထားပါသည်။ ငွေရမည်ဆိုလျှင် ဘာမဆို လုပ်မည့်သူများရှိကြပါသည်။ လူသတ်ရန်၊ ရာဇဝတ်ပြုရန် ဝန်မလေးကြပါ။ တရားမျှတမှုလည်း ကွယ်ပျောက်တတ်ပါသည်။ သန့်ရှင်းသော ခန္ဓာကိုယ်ကို ရောင်းစား၍ လိင်မှုကို ပြုကြပါသည်။

ရှေးဆိုရိုးစကားအရ ပုလွေဝယ်သောသူသည် သီချင်းကို မှုတ်သည်ဟု ဆိုသကဲ့သို့ငွေရှိသောသူသည် အာဏာတန်ခိုးရှိလာပါသည်။ ငွေပိုရှိလေလေ - အာဏာပိုပြီး ရှိလေလေဖြစ်ပါသည်။ ငွေစုဆောင်းမှုရှိလာသည်နှင့် စာတန်လည်း အနားကပ်ခါ စတင်ဖြားယောင်းပါတော့သည်။ "ငွေဖြင့်၊ လိုအပ်သောအာဏာကိုရနိုင်ပြီး၊ မည်သူ့ကိုမဆို ထိန်းချုပ်လို့ရပါသည်" - ဟူ၍ သွေးဆောင်လာပါသည်။

ဟုတ်ပါသည်။ - ငွေဖြင့် သူတပါးကိုထိန်းချုပ်၍ ရမည်ဖြစ်သော်လည်း ယေရှုရှင်က "လူသည်စကြာဝဠာတခုလုံးကို အစိုးရတတ်သော်လည်း၊ မိမိအသက်ဝိညာဉ်ဆုံးရှုံးလျှင် ဘယ်အရာနှင့်လဲမည်နည်း" --ဟူ၍ စိန်ခေါ်နေပါပြီ --

***တောင်းဆိုချက်*** - ဘုရားရှင်ထံ၌ ထာဝရတည်ရှိသောအရာကို တောင်းဆိုကြပါ။ ကျွန်ုပ်တို့ငွေဖြင့် သူတပါးကို ထိန်းချုပ်လိုစိတ်မရှိဘဲ၊ ၎င်းငွေကို ကောင်းကြီးမင်္ဂလာဖြစ်စေရန် သူတပါးအကျိုးအတွက် အသုံးပြုကြပါစို့ ။ -

-----o-----

***၃၆ ပတ်မြောက် ဥပုသ်***
***စက်တင်ဘာလ (၄) ရက်၊ ၂၀၁၀ ခုနှစ်***

## ***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း၊ အသင်းတော်ရံပုံငွေ***

"ထို့အတူ ကိုယ်အဖို့ ဘဏ္ဍာများကို ဆည်းပူး၍ ဘုရားသခင်ရှေ့တော်၌ ဆင်းရဲသော သူမည်သည်ကား၊ ထိုသူဌေးနှင့်တူသည်ဟု မိန့်တော်မူ၏။" (ရှင်လုကာ ၁၂း၂၁)

ငွေကြေးကို နောင်ရေးအတွက်၊ လုံခြုံရေးအတွက်၊ ဂုဏ်သိက္ခာအတွက်၊ တန်ဖိုးအတွက် စုဆောင်းထားပါက လူအထင်ကြီးစရာပင် ဖြစ်ပါသည်။ သို့ရာတွင် ထာဝရအလင်းတော် ရှေ့၌ ထိုကြွယ်ဝမှုတို့သည် တံလျှပ်နှင့်တူပါသည်။ ယာယီ ကိစ္စကြောင့် ထာဝရအရာကိုအဆုံးရှုံးခံသူသည် လူမိုက်ပင်ဖြစ်ပါသည်။ ကြွယ်ဝသောသူဌေးမိုက်၏ ပုံပမာသည် ဤမိုက်မဲမှုကို မီးမောင်း ထိုးပြခဲ့ခြင်းဖြစ်ပါသည်။

ထိုသာဓကပုံပြင်အရ မိုက်သော သူဌေးသည် မိမိ၏ အနာဂတ်ကို မိမိပိုင်ဆိုင်သည်ဟု ထင်ခဲ့ပါသည်။ သူ၏ စီမံကိန်းတွင် ဘုရားအတွက် ထည့်၍ မစဉ်းစားခဲ့ပါ။ အရေးကြီးသောအချက်(၂)ချက်ကို ထည့်စဉ်းစားရန်လည်း မေ့ခဲ့ပါသည်။ ၎င်းမှာ လက်ရှိအသက်တာ၏ တိုတောင်းမှုနှင့် ပစ္စုပ္ပန်အခြေအနေသည် ပစ္စုပ္ပန်အသက်တာကို အဆုံးအဖြတ်ပေးခြင်သာဖြစ်ပါသည်။ ၎င်းက ဒါဝိဒ်၊ ယောဘ၊ ရှောလမုန်တို့သည်တာမွတ်ကျမ်း၏ အဆိုအမိန့်တို့ကို မေ့လျော့ခဲ့ပါသည်။

"အကယ်စင်စစ် လူသည် အရိပ်၌သာ ကျင်လည်ပါ၏။ အကယ်စင်စစ် လူသည် အကျိုးမဲ့ ပင်ပန်းကြပါ၏။ ဥစ္စာကိုဆည်းပူးသော်လည်း၊ အဘယ်သူ ရအံ့သည်ကို မသိပါ။" (ဆာလံကျမ်း ၃၉း၆)

"ထိုစည်းစိမ်သည် မကောင်းသောအမှုအားဖြင့် ပျောက်ပျက်တတ်၏။ စည်းစိမ်ရှင်မြင်သောသားသည်လည်း၊ လက်ချည်းနေရ၏။ သို့မဟုတ်စည်းစိမ်ရှင်သည် အမိဝမ်းထဲကအလျင်းမပါဘဲ ထွက်လာသကဲ့သို့၊ ထိုနည်းတူပြန်သွားရမည်။ ကြိုးစားအားထုတ်၍ ရသော ဥစ္စာတစုံတခုကိုမျှ လက်နှင့်စွဲကိုင်လျက် ယူ၍မသွားရ" (ဒေသနာ ၅း၁၄၊၁၅)

"လူသည် လက်ကိုဆုပ်လျက်မွေးဖွားလာသော်လည်း၊ သေဆုံးသောအခါ လက်ဖြန့်လျက်ရှိ၏။" (တားလမွတ်)

***တောင်းဆိုချက်*** - ယနေ့ပေးလှူစဉ် ကြွယ်ဝမှုကို ရှာဖွေကြပါစို့။ ထိုကြွယ်ဝမှုသည်လည်းဘုရားရှင်အတွက်သာ ဖြစ်ကြပါစေ -- ယခုအသက်တာနှင့် လာမည့်အသက်တာအတွက် ပြည့်စုံသောဘဝကို တည်ဆောက်ကြပါစို့။

-----o-----

***၃၇ ပတ်မြောက် ဥပုသ်***

***စက်တင်ဘာလ (၁၁) ရက်၊ ၂၀၁၀ ခုနှစ်***



## ***အလှူငွေ - ကမ္ဘာ့သာသနာလုပ်ငန်း***

အသင်းတော်သည် ကမ္ဘာပေါ်ရှိလူအားလုံးထံသို့ ခရစ်တော်၏ မျှော်လင့်ခြင်းသတင်းစကားကို သယ်ဆောင်ကြားပြောရန် ဘုရားရှင်အတွက် အသုံးတော်ကို ခံရပေမည်။ ယနေ့ တိုးတက်လာသောကမ္ဘာ့ လူဦးရေအရ မြို့ကြီးများတွင် လူဦးရေ ပိုမိုထူထပ်လာပါသည်။ အသင်းတော်အနေဖြင့် လူတိုင်းထံသို့ သတင်းစကား ရောက်ရှိရေးအတွက် ဦးစားပေးစီမံကိန်းများ ရေးဆွဲလျက်ရှိရာ အသင်းတော်ကို တည်ဆောက်ရန်အထူးလိုအပ်နေပါသည်။

ပျမ်းမျှခြင်းအားဖြင့် နေ့စဉ် ယုံကြည်သူ ၁၀၈ ဖွဲ့တိုးတက်နေပါသည်။ အံ့သြစရာကောင်းသည့်အချက်မှာ ယခု ၂၀၀၉ ခုနှစ်၏ ပထမ သုံးလပတ်တွင် ဝင်ရောက်ရန်ခက်ခဲသော နိုင်ငံနှစ်နိုင်ငံတွင် အသင်းတော် စတင်တည်ထောင်နေပြီဖြစ်ပါသည်။ လုံခြုံမှုအတွက် ထိုနိုင်ငံများ၏ အမည်ကို မဖော်ပြတော့ပါ။ အခြေအနေ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ စီးပွားရေး ကပ်ဆိုက်သည့် ကာလတွင်ဖြစ်စေ၊ တိုးတက်သည့်အချိန်၌ ဖြစ်စေ မျှော်လင့်ခြင်းအသင်းတော်၏ အားထုတ်မှုနှင့် အသင်းသားဦးရေ တိုးတက်မှုသည်ကမ္ဘာ့လူဦးရေ တိုးတက်မှုနှင့် အချိုးညီစွာ တိုးတက်လျက်ရှိပါသည်။

ဤသို့သော တိုးတက်မှုသည် မည်သို့ဖြစ်နိုင်သနည်း။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏လုပ်ဆောင်မှုမရှိပါက မည်သို့မျှမဖြစ်နိုင်ပါ။ မည်သို့ပင်ဖြစ်စေ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ဤလုပ်ငန်းကို လုပ်ဆောင်ရန်လူကို ရွေးချယ် စေခိုင်းနေပါသည်။ အသင်းတော်၏ လုပ်ငန်းများ ရှေ့သို့ဆက်လက်တိုးတက်ရန် အချိန်နှင့်ငွေသည် အလွန် လိုအပ်ပါသည်။ ဤလုပ်ငန်းသည် ဆက်ကပ်စွန့်လွှတ်မှုရှိသော စိတ်ဓာတ်ဖြင့်သာ စတင်လုပ်ဆောင်နိုင်သလို ထိုစိတ်ဓာတ်ဖြင့်သာအဆုံးသတ်ရမည်။ ကျွန်ုပ်တို့ ဘုရားအတွက် မည်သို့လုပ်ဆောင်မည်နည်းဟု စဉ်းစားမိပါသလား။

***တောင်းဆိုချက်*** - ယနေ့ ဧဝံဂေလိ သတင်းစကားပြန့်နှံ့ရန်နှင့် အမှုတော်ပြီးမြောက်ရေးအတွက် သစ္စာရှိစွာ ပေးလှူကြပါစို့။

-----o-----

***၃၈ ပတ်မြောက် ဥပုသ်***

***စက်တင်ဘာလ (၁၈) ရက်၊ ၂၀၁၀ ခုနှစ်***

***အလှူငွေ - အသင်းတော်ရံပုံငွေ***

ရှင်လုကာ ၁၂း၁၃ တွင် လူငယ်တစ်ဦးသည် ခရစ်တော်ထံသို့ ရောက်လာပြီး အမွေခွဲ

ဝေပေးရေးအတွက် ဖြေရှင်းပေးရန် တောင်းဆိုခဲ့ပါသည်။ တရားမျှတမှု ရှိရေးအတွက် ကြိုးစားပြုလုပ်ပေးမည့်အစား ခရစ်တော်သည် ထိုသူငယ်ကို ပြစ်တင်ဆုံးမမှု ပြုခဲ့ပါသည်။

ခဏ စဉ်းစားကြည့်ကြပါစို့---တရားမျှတမှုကို တောင်းခံသော ဤလူငယ်သည် တကယ်ပင်တရားမျှတမှုကို လိုလားပါသလား - သို့မဟုတ် လောဘအတွက်လားဆိုသည်ကို စဉ်းစားကြည့်ပါ။ နယ်အသင်းတော် ကိုယ်စားလှယ်များက အသင်းတော်ကော်မီတီတွင် တရားမျှတမှုအတွက် ပွက်ပွက်ဆူအောင် မရပ်မနား တောင်းဆိုခြင်း၊ အမှုဆောင်များ လစာငွေကိစ္စ၊ အသင်းတော်အဖွဲ့အစည်း အသိုင်းအဝိုင်းအတွင်း လုပ်ငန်းတာဝန်ခွဲဝေမှုစသည့် ကိစ္စအဝဝသည် လောဘ၏ လှုံ့ဆော်မှုကြောင့် ဖြစ်နေပါသလား။

လူငယ်လေးသည် ၄င်း၏ပြဿနာများကို ကြွယ်ဝချမ်းသာမှုကဖြေရှင်းပေးနိုင်မည်ဟုထင်ခဲ့ပါသည်။ သူ့ကိုယ်သူ ဤသို့ပြောဆိုနေပါလိမ့်မည်။ “အကယ်၍ အကိုက ငါ့ကိုငွေပိုပေးရင်တော့ ငါဘဝဖူလုံပြီ။” ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် မကြည့်ဘဲ - သူ၏ တရားသူကြီးအဖြစ်သာ ကြည့်ခဲ့သည်။သူ့ပြဿနာသည် ထာဝရအရာမဟုတ်။ ခေတ္တအရာသာဖြစ်ပါသည်။

ဤအရာမျိုး ကျွန်ုပ်တို့တွင်လည်း ရှိကြပါသည်။ “ငါ့မှာ ငွေသာအများကြီးရှိရင် ပိုပျော်မှာဘဲ။” - ဆိုသည့်အတွေးသည် ယုံကြည်သူများ၏ စိတ်ထဲ၌ပင်ရှိကြပါသည်။ ယခုတွင် ယေရှုရှင်မှ စစ်မှန်သော ပျော်ရွှင်ခြင်းသည် သူ့အား ယုံကြည်ကိုးစားမှသာ ရယူနိုင်ကြောင်းသင်ကြားပေးနေပါသည်။

***တောင်းဆိုချက်*** - ဉစ္စာခနကို များစွာသောသူတို့သည်ကိုးကွယ်ကြပါသည်။ ငွေကြေးတပ်မက်ခြင်း၊ ချမ်းသာကြွယ်ဝရန် လိုလားခြင်းသည် စာတန်၏ ချည်နှောင်ထားသော ရွှေကြိုးလေးနှင့်တူပါသည်။ အချို့သည် ရာထူးနှင့်လောက၏ ဂုဏ်ပြုခြင်းကို ကိုးကွယ်ကြပါသည်။ လွယ်ကူသောအသက်တာကို တည်ဆောက်ကြသည်။ ဤအရာများသည် မတည်မြဲပါ။ ဘုရားတဝက် လောကတဝက်ဟု သဘောထား၍ မရပါ။ ထာဝရ နိုင်ငံတော်အတွက် မဟုတ်လျှင် ကျွန်ုပ်တို့သည် ဘုရားရှင်၏ သားသမီးများ မဟုတ်ကြပါ။

-----o-----

***၃၉ ပတ်မြောက် ဥပုသ်***
***စက်တင်ဘာလ (၂၅) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

ကြွယ်ဝချမ်းသာခြင်းကို အပြစ်ဟူ၍ ယေရှုရှင်မပြောသော်လည်း ကိုယ်တော်၏တရားဟောချက် သုံးပုံတပုံသည် ကြွယ်ဝချမ်းသာမှု၏ အန္တရာယ်ကို ဖေါ်ပြနေပါသည်။ ဝိညာဉ်



တော်စာပေသည်လည်း ထိုအန္တရာယ်များကို ဖေါ်ပြထားပါသည်။

“မြောက်များစွာသော လူတို့သည် ငွေကြေး ကြွယ်ဝလာသောအခါ ငွေကြေးများကိုရေတွက်ပြီး မည်သည့်အချိန်ရောက်လျှင် မည်မျှတိုးပွားလာမည်ဆိုသည်ကို တွက်ချက်လေ့ရှိကြပါသည်။ မိမိတို့၏ ကြွယ်ဝချမ်းသာမှုအတွက်သာ စိတ်ကို မြှုပ်ထားကြပြီး ထာဝရဘုရားအတွက်ကို မေ့လျော့နေကြပါသည်။ ငွေကြေးကို တွက်ချက်ရင်းနှင့် သူတို့အတွက် ငြိမ်သက်ချမ်းသာမှုကို မရရှိကြပါ။ ကြွယ်ဝချမ်းသာလာသူတို့၏ စိတ်အာရုံသည် ထိုကြွယ်ဝမှု၌ နစ်မြှုပ်လျှက်ရှိပါသည်။ ငွေကြေး တိုးပွားလာလေ၊ သူတို့၏ ဆန္ဒရမက်တိုးပွားလာလေဖြစ်ပါသည်။ ဘုရားရှင်အား ဆယ်ဖို့တဖို့ပေးရခြင်းသည် မတရားသောအခွန်ငွေပေးရခြင်းဖြစ်သည်ဟု ထင်မြင်လာပါသည်။ ဝိညာဉ်တော်မိန့်တော်မူသည်မှာ“ငွေကြေး ကြွယ်ဝလာရာတွင် အာရုံမရောက်စေနှင့်” ဟူ၍ပင် ဖြစ်သည်။ တချို့လည်းပြောကြပါသည်။ “ငါသာထိုသူကဲ့သို့ချမ်းသာရင် ဘုရားရှင်အတွက် တိုးပွားလာအောင်ပေးမှာဘဲ၊” ကိုယ့်အတွက်မသုံးဘဲ ဘုရား၏အမှုတော်အတွက်သုံးမယ် ”ဟူ၍ပင်ဖြစ်ပါသည်။ အချို့သောပုဂ္ဂိုလ်များကို ဘုရားစမ်းသပ်ကြည့်ရာ၊ သူတို့၏ ကြွယ်ဝချမ်းသာမှုသည် သူတို့ အတွက် စုံစမ်းနှောင့်ယှက်မှုကြီးကို ဖြစ်စေပြီး၊ဆင်းရဲစဉ်ထက် တည်ငြိမ်မှုမရှိသည်ကိုတွေ့ရပါသည်။” (အသင်းတော်အတွက်သက်သေခံချက် အတွဲ ၃၊ စာမျက်နှာ ၄၀၃)

***တောင်းဆိုချက်*** - ယနေ့ ပေးလှူစဉ် သမ္မာကျမ်းစာတော်မြတ်၏ အကြံ ပေးချက် အတိုင်းအလှူငွေများကို ရက်ရောစွာ ထည့်ဝင်လှူဒါန်းရန်ဖြစ်ပါသည်။

-----o-----

***၄၀ ပတ်မြောက် ဥပုသ်***
***အောက်တိုဘာလ (၂) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ပြင်ပသာသနာရုံပုံငွေ၊ အသင်းတော်ရုံပုံငွေ***

“အာရုံခံစားမှု” --- ဆိုသော ပုံပြင်တွင် နာသန်ဘွန်းဆိုသူ ဆင်းရဲသော စစ်သားတစ်ဦးသည်အမျိုးသမီးလေးတဦးနှင့် ချစ်ကြိုက်၍ အိမ်ထောင်ပြုခဲ့ပါသည်။ သူတို့သည် ဆင်းရဲသော်လည်း ပျော်ရွှင်စွာ ပေါင်းဖက်ခဲ့ကြပါသည်။ နောင်တွင် နာသန်သည် ကျော်ကြားသောကာတွန်းပုံဆွဲ ဆရာတစ်ဦး ဖြစ်လာခဲ့သည်။ ဇတ်လမ်း၏ နောက်ဆက်တွဲမှာ ဝမ်းနည်းစရာနှင့်သာ ပြည့်ဝလာခဲ့ပါသည်။ သူသည် အလုပ်ကြိုးစားသလောက် ထင်ပေါ်ကျော်ကြားလာရာ၊ နာမည်ကျော် ပုဂ္ဂိုလ်များတို့နှင့် တွဲ၍ ပါတီပွဲများတက်ရောက်ပြီး၊ သားသမီးများတို့နှင့် ခပ်တန်းတန်းနေကာ၊ ဇနီးသည်အပေါ် သစ္စာမဲ့လာပြီး၊ နောက်ဆုံး အိမ်ထောင်လည်း ကွဲခဲ့ပါသည်။ ဤစိတ်ကူးယဉ် ပုံပြင်လေးသည် များစွာသော သူများ၏

ဘဝကို ပုံဖေါ်ပြနေပါသည်။ ဥစ္စာ၊ ပစ္စည်း တိုးပွားချမ်းသာမှုသည် စိတ်မချမ်းသာမှုနှင့် သောကကို ပွားစေတတ်ပါသည်။

အမေရိကန် နိုင်ငံ၏ အလွန်ချမ်းသာသော ပုဂ္ဂိုလ် ငါးဦး၏ ပြောဆိုမှုကို စဉ်းစားကြည့်ပါ။

➢သန်းပေါင်းများစွာသောငွေကို ကျွန်ုပ်ရှာဖွေနိုင်ခဲ့သော်လည်း ကျွန်ုပ်အား ပျော်ရွှင်မှုကို မပေးနိုင်ခဲ့ပါ။ - (ဂျွန်ဒီရော့ကဖဲလား)
➢"ဒေါ်လာသန်းပေါင်း ၂၀၀ ကိုထိန်းသိမ်းရဒါ၊ လူတစ်ယောက်ကို သေစေလောက်တယ်။ ဒါဟာ - ပျော်စရာမကောင်းပါ။" - (ဒါဘလျူ အိပ်ဗ့်ဗန်ဒါဗစ်)
➢"လောကမှာ ကျွန်တော်ဟာ၊ စိတ်ပျက်စရာ အကောင်းဆုံး လူပါဗျာ။"
- (ဂျွန်းဂျက်ကော့၊ အာစတာ)။
➢"သန်းကြွယ် သူဌေးတွေဟာ ပြုံးခဲ့ပါတယ်။" - (အင်ဒရူးကာနယ်ဂျီ)

တိုနီ ကင်ပိုလို ဆိုသူထင်ရှား ကျော်ကြားသည့် လူမှုရေး ပညာရှင်သည် ပုံပြင်တခုကို ပြောပြခဲ့ပါသည်။ တခါတော့ - အိန္ဒိယ နိုင်ငံသားတစ်ဦးသည် သုံးရက်ခရီးတခုကို ရထားဖြင့်စီးပြီး ထွက်ခွာခဲ့ပါသည်။ သူခိုးရန်ကြောက်၍ သူ၏ အထုပ်ကို တင်းကြပ်စွာ ဖက်ထားပြီး မအိပ်ရန် ကြိုးစားခဲ့ပါသည်။ သို့သော် မှေးခနဲ အိပ်ပျော်သွား၍ နိုးလာသောအခါ မိမိ၏အထုပ် သူခိုးလက်ထဲ ပါသွားသည်ကို သိလိုက်ရပါသည်။ ယခု အထုပ်လည်း မရှိတော့၍ နောက်ထပ် စိုးရိမ်မှုမရှိတော့ပါ။ နှစ်ခြိုက်စွာနှင့်ပင် အိပ်ပျော်ခဲ့ပါတော့သည်။ ကြွယ်ဝချမ်းသာမှုသည် ကျွန်ုပ်တို့အား အိန္ဒိယ အမျိုးသား သောကရောက်သကဲ့သို့ ဖြစ်စေပါသည်။

***တောင်းဆိုချက်*** - ဂျွန်ဝက်စလေ၏ အဆောက်အဦး တခု မီးလောင်သွားကြောင်းကို တစ်ဦးတယောက်က လာပြောပြသောအခါ - ဟုတ်တာပေါ့ - သောကများစရာ တခု တော့လျော့သွားပြီ " -- ဟုပြန်ပြောခဲ့ပါသည်။

-----o-----

### ***၄၁ ပတ်မြောက် ဥပုသ်***
### ***အောက်တိုဘာလ (၉) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ဒေဝီဇံ***

ဂျွန်ဝက်စလေ၏ နီတိစကားတခုမှာ၊ "ရှာဖွေနိုင်သမျှ ရှာဖွေပါ။ စုဆောင်းနိုင်သမျှ စုဆောင်းပါ။ နောက်ပြီး ပေးကမ်းနိုင်သမျှ ပေးကမ်းပါ" ဖြစ်ပြီး၊ ၎င်းစကားရပ်မှာ ဂန္ထဝင်စကားစုဖြစ်ပါသည်။ အောက်စဖို့တွင် အလုပ်လုပ်စဉ် မိမိ၏ တနှစ်ဝင်ငွေမှာ ပေါင် ၃၀ ဖြစ်ရာ၊ နေထိုင်စားသောက်မှုအတွက် ၂၈ ပေါင်သုံး၍ ၂ ပေါင်ကို ပေးလှူခဲ့သည်။ ၎င်းနောက် တနှစ်လျှင် ပေါင် ၆၀၊ ပေါင် ၉၀၊ နှင့် ပေါင် ၁၂၀ အထိ တိုး၍ ရလာသော



အခါ မိမိနေထိုင်စားသောက်ရန်အတွက် တနှစ်ကို ၂၈ ပေါင်သာ သုံးပြီး ကျန်ရှိသမျှကို အားလုံးပေးလှူခဲ့ပါသည်။

မိုက်သော သူဌေးကြီးသည် ဝက်စလေ၏ နည်းကို အတုယူသောအခါသူ၏ ပိုင်ဆိုင်သော ဥစ္စာ၊ ပစ္စည်းအခြေအနေလည်း ပြောင်းသွားခဲ့ပါသည်။ ဇက္ကဲ၊ ဆင်းရဲသော မုဆိုးမ၊ မာရိ၊ အရိမေတယ၊ ယောသ၊ နိကလ၊ ကောနေလိနှင့်ခေတ်သူတော်စင်များကဲ့သို့၊ လိုအပ်သောသူများအား ပေးကမ်းခြင်း၊ တန်ဖိုးရှိသော ဘုရားရှင်၏ စီမံကိန်းများအတွက်
ရင်းနှီးမြှုပ်နှံခြင်း၊ သို့မဟုတ် ဘုရား၏ နိုင်ငံတော် တည်ဆောက်မှုတွင် ရင်းနှီးခြင်းပြုသင့်ပါသည်။ ထိုသို့ ပြုခဲ့လျှင် ကယ်တင်ခြင်းရမည်ပင် ဖြစ်ပါသည်။

ထိုဥပမာကို ယေရှုပြောပြပြီးသည့်နောက် ဆက်၍မိန့်တော်မူခဲ့သည်မှာ "အသက်အဖို့ မစိုးရိမ်ကြပါနှင့်" (လုကာ ၁၂း၂၂) ။ အမွေခွဲဝေပေးရန် ယေရှုရှင်အား တောင်းဆိုခဲ့သောလူငယ်လေးသည် အနာဂတ်အတွက် စိုးရိမ်ခဲ့ပါသည်။ သူဌေးမိုက်သည်လည်း အနာဂတ်အတွက် ပူပန်၍ သူ၏စပါးကျီများကို တိုးချဲ့ခဲ့ခြင်းလည်း ဖြစ်ပါသည်။ များစွာသောမျှော်လင့်ခြင်း အသင်းသားတို့သည်လည်း အနာဂတ်အတွက် စိုးရိမ်၍ မိမိတို့၏ ဆယ်ဖို့တဖို့ကို သစ္စာရှိစွာ ပြန်လည်ပေးအပ်ရန် ပျက်ကွက်နေကြပါသည်။

***တောင်းဆိုချက်*** - မိတ်ဆွေ -- သောကကို ရပ်တန့်စေပြီး ဘုရားရှင်ကို ကိုးစားပါ။ ဘုရားရှင်သည် ငှက်ကလေးများအတွက်နှင့်ပန်းကလေးများ၏ လှပတင့်တယ်မှုအတွက် လိုအပ်မှုဟူသမျှကို ပေးစွမ်းနိုင်သလို သင်၏ လိုအပ်မှုအားလုံးကို ဘုရားရှင်မှ ပေးစွမ်းနိုင်သည်ကို ယုံကြည်ပါ။ ဘုရားရှင်သည် သားသမီးများကို မထောက်ပံ့ဘဲ မနေပါ။ "ဖြောင့်မတ်သောသူသည် စွန့်ပစ်ခြင်းကို ခံရသည်အကြောင်း၊ သူ၏ သားမြေး တို့သည် ကောင်းစားရသည်အကြောင်းကို ငါသည် အသက်ပျိုးသည်ကာလမှစ၍ အိုသည်တိုင် အောင်မမြင်စဖူး။" (ဆာလံကျမ်း ၃၇း၂၅)

-----o-----

### ***၄၂ ပတ်မြောက် ဥပုသ်***
### ***အောက်တိုဘာလ (၁၆) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - အသင်းတော်ရုံပုံငွေ***

ငွေကြေး ကိစ္စရပ်နှင့်ပတ်သက်ပြီး တင်ပြထားမှုသည် အလွန်မျှတသောကြောင့် သမ္မာကျမ်းစာအုပ်သည် တင့်တယ်လှပခဲ့ပါသည်။ ရုပ်ဝတ္ထုပစ္စည်းကို အရှက်မဲ့ဖက်တွယ်ခြင်းနှင့်ကပ်စေးနဲမှုကို အပြစ်တင်ထားပါသည်။ အမှန်တရားကို မျှတမှု (ဗဟိုရ်)၌ တွေ့ရှိရတတ်ပါသည်။ ကြွယ်ဝချမ်းသာသော်လည်း အောက်ပါအကြံပေးမှုကို လက်ခံပါကကယ်

တင်ခြင်းကို  ရရှိနိုင်ပါသည်။

၁။ ဘုရားရှင်ကို သတိရ၍ ကိုယ်တော်၏ ကောင်းကြီးမင်္ဂလာအရပ်ရပ်အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ။ ကိုယ်တော်အတွက် သတိရခြင်းဆိုသည်မှာ ဆယ်ဖို့တဖို့ကို ပြန်လည်ပေးဆပ်ခြင်းနှင့် အလှူတော်ငွေကို ပေးလှူခြင်းဖြစ်ပါသည်။ အသင်းတော် တည်ဆောက်ခြင်းစီမံကိန်း၊ မျှော်လင့်ခြင်း ပညာရေး၊ လူငယ်အစီအစဉ်များ၊ အမျိုးသမီးသာသနာလုပ်ငန်း၊ တရားပွဲများနှင့် အလားတူအမှုတော်မြတ် အတွက် ပေးလှူခြင်းသည် ကိုယ်တော်ကိုသတိရခြင်းပင်ဖြစ်ပါသည်။

၂။ သင့်အိမ်နီးချင်းများကို သတိရပါ။ ယေရှုရှင်၏ ကောင်းသောရှမာရိ ပုံပြင်၌ သင်၏အိမ်နီးချင်းဆိုရာတွင် သင့်အကူအညီကို လိုသူများပင်ဖြစ်ပါသည်။ သင်၏ ကြွယ်ဝမှုကိုထိုသူတို့အား ကူညီမစမှုတွင် အသုံးပြုပါ။

၃။ သင်နှင့်သင့်မိသားစုအတွက် စုဆောင်းရန်လည်း မမေ့ပါနှင့်။

"မိမိလူတို့ကို မပြုစု၊ ထိုမျှမက မိမိအိမ်သူအိမ်သားတို့ကို မပြုစုသော သူမည်သည်ကား ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။" (၁ တိမောသေ ၅း၈)

***တောင်းဆိုချက်*** -  ကျွန်ုပ်တို့၏ နှလုံးသားယဇ်ပလ္လင် သရဖူအတွက် ပြောင်းလဲအသုံးပြုကြပါစို့။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့၏ ခနအရှင်သခင်ဖြစ်စေပြီး၊ ကျွန်ုပ်တို့၏ရည်မှန်းချက်နှင့်အကြံအစည်ကို  ထိန်းချုပ်သူဖြစ်စေပါ။  ကိုယ်တော်အတွက်ကျွန်ုပ်တို့၏နှလုံးသားများကို ပေးဆပ်ကြပါစို့။ ဤနည်းအာဖြင့် ကျွန်ုပ်တို့၏ ကြွယ်ဝမှုများကိုမကုန်ဆုံးစေဘဲ၊ ထာဝရအသက်ကိုလည်း ရယူနိုင်ပေလိမ့်မည်။

-----o-----

### ***၄၃ ပတ်မြောက် ဥပုသ်***
### ***အောက်တိုဘာလ (၂၃) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ -  ကွန်ဖရင့်/ယူနီယံ***

ဧလိယသည် အာဟပ်မင်းအား မိမိအခွင့်မရှိဘဲ အင်တန် ကာလပတ်လုံး မိုးမရွာနှင်းမကျရဟု စိန်ခေါ်ပြောဆိုပြီးနောက်၊ ထာဝရဘုရားသည် ဧလိယအား ခေရိတ်ချောင်းနားမှာပုန်းရှောင်နေရန် မိန့်တော်မူခဲ့သည်။ စားသောက်ရန်အတွက် ဘုရားရှင်က "ထိုချောင်းရေကို သောက်ရမည်။ ကျီးအတို့သည် ကျွေးမွေးမည့်အကြောင်း ငါမှာထားပြီ၊" ဟုပြောခဲ့သည်။  (ဓမ္မရာဇဝင်တတိယစောင် ၁၇း၄)

ဧလိယသည် ကျွန်ုပ်တို့နှင့်သာတူလျှင် ကျီးအတို့သည် သူ့အား မည်သို့ ကျွေးမွေးမည်နည်း။ အစားအစာကို ဘယ်ကရမည်နည်းဟူ၍ မေးခွန်းပြန်ထုတ်နေမည် သူမ၏



မှာသေချာလှပါသည်။ ဧလိယသည် ကျီးအမှ သူ့အား မည်သို့ ကျွေးမွေးမည်ဆိုသည်ကို အတိအကျ မသိသော်လည်း ဘုရားရှင်၏ စကားတော်ကို ယုံကြည်ကိုးစားပြီး ထိုဒေသသို့ ထွက်ခွာခဲ့ပါသည်။ ကျမ်းစာတော်မြတ်က "ဧလိယသည် သွား၍ယောဒန်မြစ်တဖက်၊ ခေရိတ်ချောင်းနားမှာ နေလေ၏။"  ဟုဓမ္မရာဇဝင်တတိယစောင် ၇း၅ ၌ ဖေါ်ပြထားပါသည်။

ထိုချောင်းတွင် ရေခန်းခြောက်သွားသောအခါ ထာဝရဘုရားက ဧလိယအား သူ၏လိုအပ်မှုအတွက် နောက်ထပ်ညွှန်ကြားမှု ပေးပြန်ပါသည်။ "သင်ထလော့။ ဇိဒုန်ပြည်၊ ဇရတ္တာမြို့သို့ သွား၍နေလော့။ ထိုမြို့၌နေသော မုဆိုးမတယောက်သည် သင့်ကို ကျွေးမွေးမည်အကြောင်း ငါမှာထားပြီဟု မိန့်တော်မူသည်အတိုင်း၊ ဧလိယသည်ထ၍ ဇရတ္တာမြို့သို့သွား၏။" (ဓမ္မရာဇဝင်တတိယစောင် ၁၇း၉၊၁၀)

ဇရတ္တာမြို့သည် ဣသရေလနိုင်ငံ၏ နယ်နမိတ်အပြင်ဘက်တွင်ရှိပြီး ဧလိယသည်လည်း ဘုရားသခင်၏ စကားကို နားထောင်သောကြောင့် ခရီးပြင်းကို နှင်ခဲ့ရပါသည်။ ဧလိယ၏
နာခံမှုကြောင့် ဘုရားရှင်သည် သူ့အားအသုံးပြုခဲ့ပါသည်။ ကျွန်ုပ်တို့လည်း ဘုရားရှင်၏ စကားတော်ကို နားထောင်ပြီး လုပ်ရမည့်အရာများကို ပြုလုပ်ခဲ့သော် ဘုရားရှင်မှ အစဉ်ကောင်းကြီးချပေးနေမည်မှာ ကျိန်းသေပါသည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူစဉ် ကိုယ်တော်ကို ကိုးစားယုံကြည်ပြီးဘုရား၏တန်ခိုးတော်၌ မှီခိုကိုးစားကြပါစို့။ ယုံကြည်လျှက် လုပ်ရမည့် ဝတ္တရားများကို လုပ်ဆောင်ပြီး ရက်ရောစွာ ပေးလှူကြပါစို့။

-----o-----

### ***၄၄ ပတ်မြောက် ဥပုသ်***
### ***အောက်တိုဘာလ (၃၀) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ  -  အသင်းတော်ရုံပုံငွေ***

"ဧလိယကလည်း မစိုးရိမ်နှင့်။ သင်ဆိုသည့်အတိုင်း သွား၍ပြုလော့။ သို့ရာတွင်ငါ့အဖို့ မုန့်ငယ်တပြားကို အရင်လုပ်၍ ယူခဲ့လော့။ နောက်မှ သင်နှင့်သင်၏သားငယ်အဖို့လုပ်လော့။ ဣသရေလအမျိုး၏ ဘုရားသခင် ထာဝရဘုရား မိန့်တော်မူသည်ကား၊ ထာဝရဘုရားသည် မြေပေါ်မှာ မိုးရွာစေတော်မမူမှီ တိုင်အောင် အိုး၌ရှိသော မုန့်ညက်မကုန်၊ ဘူး၌ရှိသော ဆီမလျော့ရဟု  မိန့်တော်မူကြောင်းကို  ဆင့်ဆို၏။" (III ဓမ္မရာဇဝင် ၁၇း၁၃၊၁၄)။

မုဆိုးမအား ဧလိယ၏ ဖေါ်ပြမှုသည်လည်း ကျွန်ုပ်တို့အတွက် မှန်ပါသည်။ မပေးလှူလိုခြင်း၏အကြောင်းတရပ်မှာ အနာဂတ်၏ မသေချာ မရေရာမှုအတွက် စိုးရိမ်ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဆယ်ဖို့တဖို့နှင့် အလှူငွေကို ပေးလှူလိုက်ချင်းအားဖြင့်အနာဂတ်အတွက် စုဆောင်းထားမှုလျော့နည်းသွားမည်ကို စိုးရိမ်ကြပါသည်။

လူသားအနေဖြင့် ပြောရလျှင် - ကျွန်ုပ်တို့၏ နည်းလှသောဝင်ငွေနှင့်အသုံးစရိတ်ကို နှိုင်းယှဉ်လိုက်သော် တကယ်ပင် သောကရောက်ရပါသည်။ လိုအပ်မှုအတွက် မည်သို့ဖြေရှင်းရမည်နည်း -- ဟူသော သောကကြီးသည်လည်း ကျွန်ုပ်တို့အား ရစ်ပတ်လျှက်ရှိပါသည်။ ထိုအချိန်မျိုးတွင် ပုရောဖက်ရောက်လာပြီး ဘုရားအား ဦးစားပေးလှူဒါန်းရန် စိန်ခေါ်သော်လည်း အနာဂတ်အတွက် စိုးရိမ်စိတ်နှင့်လူပိပိ မိမိအတွက်သာ စဉ်းစားကြပါသည်။

ဘုရားသခင်၏ သားသမီးများတို့သည် အသက်တာ ဘဝ ခရီးကို လျှောက်လှမ်းရာတွင် တွေ့မြင်မှုထက် ယုံကြည်ခြင်းရှိရပေမည်။ စိုးရိမ်မှုအစား ယုံကြည်ခြင်းရှိရပေမည်။ ယေရှုရှင်၏ကတိတော်ကို ကိုးစား၍ ဘုရားကို ဦးစားပေးရပေလိမ့်မည်။ "ဘုရားသခင်၏နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်းတရားကို ဦးစွာရှာကြလော့။ နောက်မှ ထိုအရာများကိုပေးတော်မူလတံ့။" (မဿဲ ၆း၃၃)

***တောင်းဆိုချက်*** - ယနေ့ ပေးလှူရာတွင် စတီဗင်ကိုဗီ၏ နီတိအတိုင်း "ပထမအရာကို ပထမ" ထားဆိုသည့်အတိုင်း ထားရှိကြပါစို့။

-----၀-----

### ***၄၅ ပတ်မြောက် ဥပုသ်***
### ***နိုဝင်ဘာလ (၆) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - ပြင်ပသာသနာလုပ်ငန်း/အသင်းတော်ရံပုံငွေ***

ဇရတ္တာမြို့မှ မုဆိုးမသည် ဘုရားရှင်အား ဦးစားပေးလုပ်ဆောင်ပေးရန် ဆုံးဖြတ်ခဲ့သောကြောင့်ဘုရားရှင်ထံမှ ကောင်းကြီးမင်္ဂလာ သုံးရပ်ကို ရရှိခဲ့သည်။

ပဌမ ကောင်းကြီးမင်္ဂလာမှာ ၊ သူမနှင့်မိသားစုသည် နေ့စဉ် ဝဝလင်လင် စားသောက်ကြရပါသည်။ ဘုရားရှင်အား ဦးထိပ်ထားခဲ့သည့်အတွက် သူမ၏အသက်တာ၌ လုံခြုံမှုရရှိခဲ့ပါသည်။ ဧလိယအား ကျွေးမွေးခြင်းဖြင့် ဘုရားရှင် အပေါ်သစ္စာရှိ၍ သေရမည်ဆိုလျှင်လည်း အသေခံသွားပေမည်။

ဒုတိယ ကောင်းကြီးမင်္ဂလာမှာ မိမိ၏ သားငယ် သေဆုံးသွားသော်လည်း ပြန်လည်ရှင်ပြန်ထမြောက်ခွင့်ရခဲ့ပါသည်။ ပြန်လည် ရှင်ပြန် ထမြောက်ခြင်းကို ကျွန်ုပ်တို့ ယုံကြည်ကြသော်လည်း သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်သူ အနည်းငယ်သာရှိခဲ့ပါသည်။



ဖိဒုန်ပြည်၊ ဇရတ္တာမြို့မှ ပြောင်းရွှေ့သွားပြီးနောက်ပိုင်းတွင် မုဆိုးမ၏ အကြောင်းနှင့်ပတ်သက်၍မကြားသိရတော့သော်လည်း ယေရုရှလင်မြို့သစ်သို့ ရောက်သောအခါ သူမကိုတွေ့ရပေမည်။ သူမသည် ဧလိယနှင့်ပတ်သက်၍ ဤသို့ ဝန်ခံခဲ့ပါသည်။ "မိန်းမကလည်း၊ ဤအမှုကို ထောက်၍ ကိုယ်တော်သည် ဘုရားသခင်၏ လူဖြစ်တော်မူကြောင်းကို၎င်း၊ ကိုယ်တော်ဆင့်ဆိုထားသော ထာဝရဘုရား၏ စကားတော် ဟုတ်မှန်ကြောင်းကို၎င်း၊ ကျွန်မသိပါသည်ဟု ဧလိယအားဆို၏။" (III ဓမ္မရာဇဝင် ၁၇း၂၄)

***တောင်းဆိုချက်*** - ဘုရားအတွက် ပေးလှူစဉ် - ကိုယ်တော်ကို ဦးထိပ်ထားခြင်းဖြင့် ကိုယ်တော်သည် အတောမသတ်နိုင်သော ကောင်းကြီးမင်္ဂလာများကို သွန်းလောင်းချပေးတော်မူပါလိမ့်မည်။

-----၀-----

### ***၄၆ ပတ်မြောက် ဥပုသ်***
### ***နိုဝင်ဘာလ (၁၃) ရက်၊ ၂၀၁၀ ခုနှစ်***
### ***အလှူငွေ - နှစ်စဉ် ဆက်ကပ်အပ်နှံခြင်း အလှူငွေ (Global Mission)***

ယေရှုရှင် လောက၌ရှိစဉ် ကျွန်ုပ်တို့အား ကမ္ဘာအရပ်ရပ်သို့သွား၍ ကိုယ်တော်၏မေတ္တာဆက်ကပ်အပ်နှံမှုနှင့် မကြာမီ ပြန်လည်ကြွလာတော့မည့် အကြောင်းကို ဟောပြောပြရန်စေခိုင်းခဲ့ပါသည်။ လွန်ခဲ့သော နှစ်များမှစပြီး မျှော်လင့်ခြင်းအသင်းတော်သည် ဤလုပ်ငန်းအတွက် အထူးသောအလှူငွေ ကောက်ခံခြင်းကို စတင်ခဲ့ပါသည်။ ၎င်းအလှူငွေကို တနှစ်တခါသာ ကောက်ခံပါသည်။ ယနေ့တွင် သာသနာ မရောက်ရှိသေးသော ဒေသများသို့ သာသနာလုပ်ငန်း ဝင်ရောက်နိုင်ရန်အတွက် ရံပုံငွေ (အလှူငွေ) ကောက်ခံခဲ့ခြင်းဖြစ်သည်။ ဤအလှူငွေများသည် ခက်ခဲသော ဒေသများသို့ ဝင်ရောက်ရာတွင် အသုံးပြုသွားမည် ဖြစ်ပါသည်။

မျှော်လင့်ခြင်းဘုရားကျောင်း မရှိသေးသော ဒေသ (သို့မဟုတ်) နိုင်ငံ(၂၉)နိုင်ငံရှိသေးသည်ကို သင်သိပါသလား။ ကမ္ဘာ့ဒေသ အချို့တွင် မျှော်လင့်ခြင်း အသင်းသားမရှိသေးပါ။ အတူဝတ်ပြုမည့် သူလည်းမရှိကြပါ။

ယနေ့ အလှူငွေသည် ကမ္ဘာ့သာသနာပြုလုပ်ငန်းကို ပံ့ပိုးသွားမှာ ဖြစ်ပါသည်။ ကမ္ဘာရှိ သာသနာ မရောက်ရှိသေးသော အရပ်သို့ သာသနာသတင်းစကား ရောက်ရှိစေရန် ဤအလှူငွေများကို အသုံးပြုသွားမည် ဖြစ်ပါသည်။

သင်ပေးလှူသော အလှူငွေသည် သာသနာမရောက်ရှိသေးသောအရပ်၌ ယုံကြည်သူအဖွဲ့အစည်းများရှိလာစေမည်မှာ အမှန်ပင် ဖြစ်သည်။

**တောင်းဆိုချက်** - ယနေ့ မပေးလှူခင် သေချာစဉ်းစားပါ။ ဤဆက်ကပ်ခြင်း အပတ်

တွင်သင် ဘုရားအတွက် မည်သည့်အရာကို ဆက်ကပ်လိုပါသနည်း။ သာသနာမရောက် ရှိသေးသောဒေသရှိ လူများအတွက် မျှော်လင့်ခြင်း ရောင်ခြည်သန်းစေရန် မလှူချင်ကြဘူးလား. . . . . သင်၏ ပေးလှူမှုသည် ခရစ်တော်ဘုရားအကြောင်း ပြောကြားမှု၊ ခြေလှမ်းသစ်ကို စတင်လှမ်းခြင်းပင်ဖြစ်သည်။ သင်၏ ဆက်ကပ် ပေးလှူမှုအတွက် အထူးကျေးဇူးတင်ပါသည်။

-----o-----

**၄၇ ပတ်မြောက် ဥပုသ်**
**နိုဝင်ဘာလ (၂၀) ရက်၊ ၂၀၁၀ ခုနှစ်**
**အလှူငွေ - အသင်းတော်ရံပုံငွေ**

ဇရတ္တမြို့ မုဆိုးမကဲ့သို့ ဘုရားရှင်သည် ကျွန်ုပ်တို့အား စိန်ခေါ်နေသည့်အပြင် သတိပေးလျှက်ရှိပါသည်။ "ဆယ်ဖို့တဖို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့သွင်း၍၊ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုးကောင်းကင် ပြူတင်းပေါက်တို့ကိုဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်။ မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။" (မာလခိ ၃း၁၀)

ဤစိန်ခေါ်မှုတွင် ဘုရားရှင်က ကျွန်ုပ်တို့အား ပြည့်ဝသောလမ်းကို ပေးတော်မူခဲ့သည်။ ဝိရောဓိ ဖြစ်စရာပင်---ပေးကမ်းခြင်းအားဖြင့် ကြီးမြတ် များပြားသော ကောင်းကြီးမင်္ဂလာကို ရရှိစေပါသည်။ မိမိကိုယ်ကို ပေးဆပ်ခြင်းဖြင့် မိမိကိုယ်ကိုပြန်မြင်နိုင်မည်။ အရှုံးခံခြင်းဖြင့် တွေ့ရှိနိုင်ပါသည်။ ဘုရားရှင်၏ လမ်းစဉ်မှာ တစ်ကြိမ်လက်ခံကျင့်သုံးခြင်းဖြင့် ထာဝရအသက်လမ်းကို ဦးတည်လျှက်ရှိပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ဘုရားရှင်အား ကျွန်ုပ်တို့၏ ဥစ္စာရှင်အဖြစ် လက်ခံပြီးဆယ်ဖို့တဖို့ကို ပြန်လည်ပေးဆပ်မှု၌ သစ္စာရှိကာ အလှူတော်ငွေကိုလည်း ရက်ရောစွာ လှူဒါန်းကြမည်ဆိုလျှင် ဘုရားရှင်မှ ကောင်းကြီးမင်္ဂလာများကို တဟုန်ထိုး စီးဆင်းစေမည်ဟု ကတိပြုခဲ့ပါသည်။ ဇရတ္တမြို့ မုဆိုးမကဲ့သို့ နည်းမျိုးစုံဖြင့် ကျွန်ုပ်တို့အား ကောင်းကြီးပေးတော်မူပါလိမ့်မည်။ ကျွန်ုပ်တို့တွေး၍ပင် မရသော နည်းဖြင့်လည်း သွန်းလောင်းတော်မူလိမ့်မည်။

ဘုရားရှင်ကို ကိုးစားယုံကြည်ကာ၊ ကျဉ်းကြပ်သော လမ်းကို လျှောက်လိုက်လျှင် ကြီးကျယ်သော စွန့်စားမှုနှင့် ဘုရားရှင်၏ နက်နဲမှုကို တွေ့မြင်ရပါလိမ့်မည်။ "မျက်မြင်



မရသော၊ နားဖြင့် မကြားဘူးသော တွေးတော၍ မရသော " -- ဘဝမျိုးကို ကျွန်ုပ်တို့ ရရှိပါလိမ့်မည်။ သစ္စာရှိသော ဘဏ္ဍာစိုးများသာ ဤအရာကို ရရှိနိုင်ပေလိမ့်မည်။

**တောင်းဆိုချက်** - ပေးကမ်းခြင်းအားဖြင့် ကောင်းကြီးကြွယ်ဝစွာ ရနိုင်သည်၊ မရနိုင်သည်ကို ဘုရားရှင်မှ ကျွန်ုပ်တို့အားစမ်းသပ်လျှက်ရှိပါသည်။ ယနေ့ ယုံကြည်စွာဖြင့် ပေးလှူကြပါစို့။

-----o-----

**၄၈ ပတ်မြောက် ဥပုသ်**
**နိုဝင်ဘာလ (၂၇) ရက်၊ ၂၀၁၀ ခုနှစ်**
**အလှူငွေ - ကွန်ဖရင့်/ယူနီယံ**

"ညီအကိုတို့၊ ဘုရားသခင်သည် မာကေဒေါနိပြည်၌ ရှိသော အသင်းတော်များတို့အား ပြုစုတော်မူသော ကျေးဇူးတော်အကြောင်းကို ငါတို့သည် သင်တို့အား ကြားပြောကြ၏။ ထို အသင်းတော်တို့သည် ညှဉ်းဆဲခြင်း အားဖြင့် များစွာသော စုံစမ်းခြင်းကို ခံရသော်လည်း၊ အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့်၊ ဥစ္စာဖြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည်၊ သူတို့၏ စွန့်ကြဲပေးကမ်းခြင်း စည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။" (၂ကော ၈း၁၂)

သာသနာပြု ဆရာကြီးသည် သူတို့၏ အလွန်ကြီးမားသော ဆက်ကပ်အပ်နှံမှုကိုတွေ့မြင်ရ၍ မျက်ရည်များ မဆည်နိုင်ဘဲ ငိုကြွေးခဲ့ရပါသည်။ ဆရာကြီးသည် အသင်းတော်၌ အဆင်းရဲဆုံးဖြစ်သော ထိုစေတနာရှင် မိသားစုထံသို့သွားရောက် လည်ပတ်ခဲ့ပါသည်။ သူတို့ ဘုရားကျောင်းတည်ဆောက်ရန် ဘယ်ကဲ့သို့ အလှူငွေပေးခဲ့သလဲ ဆိုဒါကိုသိချင်သောကြောင့်ဖြစ်သည်။ ဆရာကြီးရောက်ရှိချိန်တွင် သူတို့သည် သူတို့၏ လယ်ယာကိုထွန်ယက်နေပါသည်။ ဆရာကြီးမြင်တွေ့ရသည်မှာ သားနှစ်ယောက်သည် နွားအစား ထွန်တုံးကိုဆွဲပြီး မြေကြီးကိုခွဲနေရပါသည်။ ယခင် အချိန်များတွင် သူတို့၌ နွားရှိကြပါသည်။ ယခုတွင် ဘုရားကျောင်း တည်ဆောက်မှုအတွက် သူတို့၏နွားကိုရောင်းချပြီး ပေးလှူခဲ့ကြပါသည်။ သားနှစ်ယောက်မှာ နွားနေရာတွင် အစားထိုး လုပ်နေရပါသည်။ ထိုသူတို့သည်ဆင်းရဲသော်လည်းဘုရားရှင်အမှုတော်အတွက် ကြီးမားသောစွန့်လွှတ်မှုကို ပြုလုပ်ရန် ဝန်မလေးကြပါ။ ဘုရားအတွက် ဆင်းရဲပင်ပန်းမှုကိုခံပြီး လှူဒါန်းကြပါသည်။

၂ကော ၈း၁-၅ တွင် ရှင်ပေါလုက ကောရိန္သုမြို့သားတို့အားပေးကမ်းခြင်း၊ ဂရုဏာတော်၌ကြီးထွားစေရန် အားပေးတိုက်တွန်းခဲ့ပါသည်။ သူတို့ စေတနာထက်သန် လာစေရန် မာကေဒေါနိအသင်းတော်အကြောင်းကို ပြောပြပါသည်။ ပေးကမ်းမှုဖြင့်ပြီးပြည့်စုံသောဘဝအတွေ့အကြုံကို တည်ဆောက်ရန် တိုက်တွန်းအားပေးခဲ့ပါသည်။

ကြပါ။ ပေးလှူပြန်တော့လည်း နှစ်ခွသော စိတ်သဘောမျိုး ရှိကြပြန်ပါသည်။ ဘုရားရှင်အတွက် စိတ်အားထက်သန်စွာ ပေးကြပါ။ ခရစ်တော်၏ ကိုယ်ကျိုးစွန့်မှုမျိုးဖြင့် ပေးရန်လိုအပ်ပါသည်။ လက်ဝါးကပ်တိုင်ပေါ်တွင်နာကျင်မှုကိုခံစားပြီးအသက်ကိုစွန့်သည့်တိုင်အောင်ပေးဆပ်ခဲ့ပါသလားဟုစဉ်းစားသိမြင်ပြီး အတ္တစိတ်ကို ပယ်ရှားကာ ပေးလှူကြပါ။

လက်ဝါးကပ်တိုင်ပေါ်၌ ချိတ်ဆွဲခြင်းခံရသော လူသားကို ရှုမြင်နိုင်မှသာလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်နီးကပ်စွာ ရပ်တည်နိုင်ပေလိမ့်မည်။ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်းကို ကြည့်၍ ကျွန်ုပ်တို့အတွက် မည်မျှခံစားခဲ့ရမည်ကို တွေးပြီး၊ ကိုယ်တော်၏မေတ္တာကို တုန့်ပြန်ကြရမည်။ ကိုယ်တော်မည်မျှချစ်သည်ကို တွေးပြီး ပြန်လည်တုံ့ပြန်ကာ ကိုယ်တော့်အတွက် ရက်ရောစွာပေးလှူကြရပေမည်။

***တောင်းဆိုချက်*** - ယနေ့ ကျွန်ုပ်တို့သည် အသေခံတော်မူခဲ့သော ကိုယ်တော်၏မေတ္တာကို ပြန်လည် တုံ့ပြန်သည့်အနေဖြင့် ရက်ရောစွာ ပေးလှူကြပါစို့ . . .

-----o-----

## ***၅၀ ပတ်မြောက် ဥပုသ်***
## ***ဒီဇင်ဘာလ (၁၁) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - ဒေဝီဇ်***

"ထိုသို့ပြုကြသော်၊ ငါတို့မျှော်လင့်သည်ထက်မကပြု၍ ဘုရားသခင်၏အလိုတော်နှင့်အညီမိမိကိုယ်ကိုရှေးဦးစွာသခင်ဘုရား၌၎င်း၊ ငါတို့၌၎င်း၊ ပေးလှူကြ၏။"(၂ကော ၈း၅)

လူတို့သည် ရက်ရောစွာ မပေးလှူနိုင်ခြင်းမှာ၊ ၎င်းတို့သည် မိမိတို့ကိုယ်ကို ဦးစွာဘုရားသခင်လက်တော်၌ မဆက်ကပ် မအပ်နှံခြင်းကြောင့်ဖြစ်သည်။ မာကေဒေါနိရှိ အသင်းတော်များသည် ရှင်ပေါလုမျှော်လင့်သကဲ့သို့ ရက်ရောစွာ ပေးလှူကြခြင်းမှာ ထိုအချက်ပေါ်တွင် မူတည်ပါသည်။ ၎င်းတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင် လက်တော်သို့အပ်နှံထားပြီးသားဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို ဘုရားသခင်ပိုင်ဆိုင်သောကြောင့် ကျွန်ုပ်တို့၏ ငွေအိပ်များကိုလည်း သူသာ ပိုင်ဆိုင်ပါသည်။

ဇက္ကဲ၏အဖြစ်အပျက်ကို ကြည့်လျှင်ဂန္ထဝင်မြောက်လှပါသည်။ သူသည်ငွေကိုတပ်မက်၍တကိုယ်ကောင်းဆန်ပြီး ကပ်စေးလည်းနဲသူဖြစ်ကာ ဥစ္စာပစ္စည်းလျော့သွားမည်ကိုစိုးရိမ်သူဖြစ်ပါသည်။ မိမိအသက်တာ၏ မရေရာမှု၊ အဓိပ္ပါယ်ကင်းမဲ့မှုများကို သိရှိလာကာ၊ ယေရှုရှင်၏ ဖိတ်ခေါ်မှုကို လက်ခံပြီး ကိုယ်တော်ကို နက်ရှိုင်းစွာ ပေါင်းဖေါ်ခဲ့ပါသည်။

လူသားတို့၏ နိမ့်ကျသော အခြေအနေသည် ယေရှုရှင်၏ ခွင့်လွှတ်ခြင်းကို နားလည်လာသောအခါ ယေရှုရှင်အား မေရှိယအရှင်အဖြစ် လက်ခံယုံကြည်ခဲ့ပါသည်။ အသက်



တာတွင် ပြောင်းလဲခြင်း နှစ်ခုကို ပြုလုပ်ခဲ့ပါသည်။ သူ၏ ကြွယ်ဝမှုများကိုပေးပြစ်လိုက်ပြီး ကယ်တင်ခြင်းကို လက်ခံခဲ့ပါသည်။ ထို့ကြောင့် ယေရှုက ထိုနေ့တွင် ကယ်တင်ခြင်းတရားသည်ဇက္ကဲမိသားစုအပေါ်တွင် ကျရောက်ပြီ ဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။

***တောင်းဆိုချက်*** - ယနေ့ ပေးလှူစဉ် - ဦးစွာ မိမိကိုယ်ကို ကိုယ်တော့်လက်သို့အပ်နှံပါ။ထိုသို့ပြုခြင်းဖြင့် စိတ်အတွင်း၌ ရက်ရောမှုပိုလာကာ ဆင်းရဲသူ/သားများအတွက် ပိုမိုပေးလှူလို ကြပေမည်။

-----o-----

## ***၅၁ ပတ်မြောက် ဥပုသ်***
## ***ဒီဇင်ဘာလ (၁၈) ရက်၊ ၂၀၁၀ ခုနှစ်***
## ***အလှူငွေ - အသင်းတော်ရံပုံငွေ***

"ငါတို့မျှော်လင့်သည်ထက်မကပြု၍ ဘုရားသခင်၏အလိုတော်နှင့်အညီ . . . ငါတို့၌ပေးလှူကြ၏။" (၂ကော ၈း၅)

"ဘုရားသခင်၏ အလိုတော်နှင့်အညီ . . . ငါတို့၌၎င်းပေးလှူကြ၏" ဆိုသော စကားရပ်သည်အလွန်ထူးခြားလှပါသည်။ မာကေဒေါနိရှိ အသင်းတော်များတို့သည် သူတို့တတ်နိုင်သည်ထက်လှူဒါန်းနိုင်ခြင်းမှာ မိမိတို့ကိုယ်ကို ဘုရားအတွက် ပေးထားသည်သာမကအမှုတော်တွင် ပါဝင်ခြင်းကြောင့်လည်းဖြစ်သည်။ ရှင်ပေါလု၏ ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းတွင် ရှင်ပေါလုနှင့် လက်တွဲလျက် လုပ်ဆောင်ကြပါသည်။ ယေရှုရှင်၌ အပ်နှံပြီးဘုရားရှင်နှင့်သင့်တင့်မှု ရှိသောကြောင့် အသက်တာတွင် ထူးခြားသောအရာများနှင့်တွေ့ကြုံရပါသည်။

ကျွန်ုပ်တို့သည် ဥစ္စာပစ္စည်းကြွယ်ဝမှုနှင့် ခွဲခွာရန်မှာ အလွန်ခက်ခဲလှပါသည်။ ကျွန်ုပ်တို့နှစ်သက်သော အရာများအတွက် ကျွန်ုပ်တို့၏ ငွေကြေးကို မြှုပ်နှံထားတတ်ပါသည်။ ထို့အတွက် ယေရှုရှင်က ကျွန်ုပ်တို့ ဘဏ္ဍာရှိရာအရပ်၌ ကျွန်ုပ်တို့၏ စိတ်ရှိသည်ဟူ၍ မိန့်တော်မူခဲ့ပါသည်။ မာကေဒေါနိရှိ အသင်းသားများ၏ ရက်ရောစွာလှူဒါန်းမှုသည် အသင်းတော်လုပ်ငန်းတိုးတက်အောင်မြင်ရေး၌ စိတ်အားထက်သန်ကြောင်း ပြသခြင်းပင်ဖြစ်ပါသည်။ မင်္ဂလာရှိသော မျှော်လင့်ခြင်းမှာ ယေရှုခရစ်သည်ဘုန်းတန်ခိုးနှင့်ပြန်ကြွလာမည်ဖြစ်သည့်အပြင် ထာဝရနိုင်ငံတည်ဆောက်မှုကို မြင်လို၍လည်း ဖြစ်ပါသည်။

***တောင်းဆိုချက်*** - ပျောက်နေသော ဝိညာဉ်များကို ချစ်တတ်သည့် စိတ်ရှိလာရန်ဘုရားရှင်ထံ ဆုတောင်းရန်လိုအပ်ပါသည်။ အပြစ်နှင့်ပြည့်ဝသော ဤကမ္ဘာကြီးတွင်နစ်မြောနေပါက ကျွန်ုပ်တို့အတွက် ဘုရားရှင် ပြင်ဆင်ထားသော ထာဝရနိုင်ငံတော်ကိုမျက်ခြေပြတ်သွားပါလိမ့်မည်။ ထာဝရနိုင်ငံတော်ကို မျှော်မှန်းလျှက် ပေးလှူကြပါစို့။

***၅၂ ပတ်မြောက် ဥပုသ်***
***ဒီဇင်ဘာလ (၂၅) ရက်၊ ၂၀၁၀ ခုနှစ်***
***အလှူငွေ - ကွန်ဖရင့်/ယူနီယံ***

"ညီအစ်ကိုတို့၊ ဘုရားသခင်သည် မာကေဒေါနိပြည်၌ ရှိသော အသင်းတော်တို့အား ပြုစုတော်မူသော ကျေးဇူးတော်အကြောင်းကို ငါတို့သည် သင်တိုအား ကြားပြော ကြ၏။ ထိုအသင်းတော်တို့သည် ညှဉ်းဆဲခြင်းအားဖြင့် များစွာသော စုံစမ်းခြင်းကို ခံရသော်လည်း၊ အလွန်ကြီးသော ဝမ်းမြောက်ခြင်းနှင့် ဥစ္စာဖြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည် သူတို့၏ စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။" (၂ ကော ၈း၁)

သစ္စာရှိသော မာကေဒေါနိ လူတို့သည် သူတို့၏ ပေးကမ်းမှုမှာ ထာဝရကာလအတွက် အပြောင်းအလဲဖြစ်နိုင်သည်ဟု ယုံကြည်ကြပါသည်။ တခါတရံ ကျွန်ုပ်တို့သည် ဆင်းရဲ၍ ငွေနဲနဲသာရှိသောအခါ ကျွန်ုပ်တို့၏ အကြွေစေ့ကို ထည့်ဝင်ခြင်းဖြင့် အကျိုးမဖြစ်နိုင်ဟု ထင်ကြပါသည်။ ဤစိတ်ထားမျိုးထားရှိပါက ကောင်းကြီးမင်္ဂလာ တံခါးကိုပိတ်ဆို့သည်နှင့်တူသွားပါလိမ့်မည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ ပေးလှူသော အရည်အတွက်ထက် ကျွန်ုပ်တို့နှလုံးသား၏ သဒ္ဒါစိတ်ကို ကြည့်နေပါသည်။ ကျွန်ုပ်တို့၏ ပေးလှူမှုသည် နည်းသော်လည်း၊ ယေရှုရှင်၏လက်တော်ဝယ် ပွားများခြင်းတန်ခိုးတော်ကြောင့် ကြီးမားသောလုပ်ငန်းနှင့်ကောင်းကြီးမင်္ဂလာကို ဖြစ်စေပါသည်။

ကလေးငယ်၏ မုန့်ငါးလုံးနှင့်ငါးနှစ်ကောင်သည် ယေရှုရှင်၏ လက်တော်ဖြင့် လူငါးထောင်ကို ကျွေးနိုင်သည်သာမက ပိုလျှံလျှက်ပင် ရှိပါသေးသည်။ရှိသည့်အရာဖြင့် ဘုရားသခင်အား အမိကပေးလှူရန်ဖြစ်ပါသည်။

***တောင်းဆိုချက်*** - ယနေ့ -- ငွေကြေးနည်းနေသော်လည်းရက်ရောစွာပေးလှူလိုက်ပါ။ ယေရှုရှင်၏ ကောင်းကြီးမင်္ဂလာအားဖြင့် အသက်မုန့်ကို ကမ္ဘာတဝှမ်းရှိ လူများမှစားသုံးရပါလိမ့်မည်။

-----၀-----